ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ စနေနေ့၊ (25-4-2015) (၈၁၈၁)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ဘန်ဒေါင်းမြို့၌ ကျင်းပသည့် နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှစ် (၆၀) ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံ၌ မိန့်ခွန်းပြောကြားစဉ်။ *(သတင်း၊ စာမျက်နှာ - ၈)*
(ဓာတ်ပုံ - www.aacc2015.id)

ဘန်ဒေါင်းစိတ်ဓာတ်ဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေခံမှုများသည်လည်း အာရှ-အာဖရိက နိုင်ငံများအကြား ထိရောက်ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

## စွန်အလှပြိုင်ပွဲ လာရောက်ကြည့်ရှုသူများပြား

**ရန်ကုန် ဧပြီ ၂၄**

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို နိုင်ငံတကာ အားကစားထိ ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ ဧပြီ ၂၁ ရက်မှ စတင်ကျင်းပရာ ယနေ့ညနေပိုင်းတွင် စွန်အလှလွှတ်ပြိုင်ပွဲကို ကျိုက္ကဆံအားကစားလေ့ကျင့်ရေးကွင်း၌ ဆက်လက်ကျင်းပသည်။

စွန်အလှလွှတ်ပြိုင်ပွဲတွင် အဆင့်သုံးဆင့်ဖြင့် အကဲဖြတ်အမှတ်ပေးသွားမည်ဖြစ်သည်။ ပထမအဆင့်တွင် ပြိုင်ပွဲဝင်စွန်များသည် ပြုလုပ်မှုသေသပ်ကျနခြင်း၊ ပြေပြစ်လှပခြင်း၊ သဘာဝကျခြင်း၊ အချိုးအစားကျနခြင်း၊ အရွယ်အစားကြီးလာသည်နှင့်အမျှ ကြိုးစားအားထုတ်ပြုပြင်လုပ်ကိုင်မှု ခက်ခဲမှုများပြားလာသဖြင့် စွန်အရွယ်အစားအလိုက် အမှတ်ပေးခြင်း၊ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ ဆန်းသစ်တီထွင်မှုရှိခြင်း စသည့် အချက်များပေါ် မူတည်၍ အကဲဖြတ်အမှတ်ပေးသည်။

ဒုတိယအဆင့် လေပေါ်သို့ လွှတ်တင်ပြီးလျှင် အမှတ်စဉ်ခေါ်၍ တစ်ဦးချင်းစီ လှုပ်ရှားပျံဝဲစေသည်။ လေထဲတွင် လွှတ်တင်ပြထားသော ပြိုင်ပွဲဝင်စွန်၏ အရွယ်အစားနှင့် လွှတ်တင်နိုင်မှုအနိမ့်အမြင့်တို့၏ အချိုးအစားအခြေအနေ၊ ပျံဝဲလှုပ်ရှားကစားရာတွင် လှပနိုင်နင်းစွာ လှုပ်ရှားပြသနိုင်မှု၊ လေထဲတွင် လွှတ်တင်ပျံဝဲပြသစဉ် ကြည့်ရှုတင့်တယ် ပသာဒဖြစ်ဖွယ် လှပမှုအဆင့်ကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



သတင်း-ခင်ဇာလီ
ဓာတ်ပုံ-ငွေအောင်(ကြေးမုံ)



**ကြေးမုံ စာတည်းရှုထောင့်** — ၂၅-၅-၂၀၁၅၊ စနေနေ့

# ဘန်ဒေါင်းစိတ်ဓာတ်ကိုအခြေခံ

ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ကာလ၊ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးတိုက်ပွဲကာလတွင် အာရှ-အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများသည် နိုင်ငံလွတ်မြောက်ရေးနှင့် လွတ်လပ်ရေးရရှိရန် ရုန်းကန်လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုကာလအတွင်း လွတ်လပ်ရေးရပြီးစ နိုင်ငံများ၏ တူညီထက်သန်သည့်ဆန္ဒမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် နိုင်ငံ၏ အချုပ်အခြာကို တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကိုအခြေခံသည့် နိုင်ငံတကာဆက်ဆံရေးပုံစံသစ်တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်ပြီးစနိုင်ငံများ၏ ထက်သန်ပြင်းပြသည့် ရည်မှန်းချက်များကို တုံ့ပြန်သည့်အနေဖြင့် အာရှ-အာဖရိကနိုင်ငံများမှ ခေါင်းဆောင်များကလည်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေခံမှုများအနက် အဓိကရပ်တည်ချက်ဖြစ်သည့် ၁၉၅၅ ခုနှစ် အာရှ-အာဖရိက ညီလာခံတွင် ချမှတ်ခဲ့သော ဘန်ဒေါင်းအခြေခံမူ(၁၀)ချက်ကို မဟာဗျူဟာမြောက် ရည်မှန်းချက်သမိုင်းမှတ်တိုင်အဖြစ် ရဲဝံ့စွာဖော်ထုတ်ခဲ့ကြသည်။

အဆိုပါ ဘန်ဒေါင်းအခြေခံမူ(၁၀)ချက်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ထိန်းသိမ်းရန်ဟူသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ မွန်မြတ်သောရည်ရွယ်ချက်နှင့် အခြေခံမူများနှင့်အညီ အဖွဲ့ဝင်နိုင်ငံ ၁၂၀ ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှုကို ပေါ်ပေါက်စေခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုနှင့်ငြိမ်းချမ်းစွာအတူနေထိုင်လိုမှုတို့မှာ မြဲမြံခိုင်ကျည်လှသဖြင့် နိုင်ငံ ၁၂၀ သည် ယနေ့ထက်တိုင် အတူတကွ ပူးပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်နေကြသည်ကို နှစ်(၆၀)ပြည့် ဘန်ဒေါင်းညီလာခံက သက်သေပြလျက်ရှိသည်။ ထိုနိုင်ငံ ၁၂၀ တွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့်အတူ ၁၉၅၅ ခုနှစ်တွင် ပထမဆုံးဘန်ဒေါင်းညီလာခံကို ပူးတွဲအဆိုပြုခဲ့သည့် ငါးနိုင်ငံထဲတွင် ပါဝင်နေသည်မှာ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။ မြန်မာနိုင်ငံအနေဖြင့် ယမန်နှစ်က ဘင်းမ်စတက် အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဒေသတွင်းနှင့် နိုင်ငံတကာကဏ္ဍများ၌ တက်တက်ကြွကြွ လက်တွဲအကောင်အထည်ဖော်နိုင်ခဲ့ပေသည်။ ဒေသတွင်း၌ ဦးဆောင်ပါဝင်နိုင်ခဲ့ပြီးမှ ယခုကျင်းပသည့်ညီလာခံကြီးတွင် ပူးပေါင်းပါဝင်ဖော်ဆောင်နိုင်ခြင်းသည်လည်း ထူးကဲသည့်လက္ခဏာများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏မျှော်လင့်ချက်ဖြစ်သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနေသလို ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုတိုးတက်စေရေးတွင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍများတွင်လည်း အတူဆောင်ရွက်လျက်ရှိသည်။ ယင်းဆောင်ရွက်ချက်များသည် အာရှ-အာဖရိက ညီလာခံ၏ နှစ်(၆၀) ပြည့် အထိမ်းအမှတ် (ဘန်ဒေါင်းညီလာခံ)ကို ပြန်လည်သတိရအမှတ်ရစေသည့် ဆောင်ရွက်ချက်များဖြစ်သည်။

ယင်းသို့သော အချိန်ကာလတွင် အာရှ-အာဖရိက နိုင်ငံများအကြား ပိုမိုတည်ငြိမ်အေးချမ်းမှုနှင့် သာယာဝပြောမှုကိုရှေးရှုပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်စေရန်နှင့် အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ကျင်းပခဲ့သည့်ညီလာခံကြီးတွင် ထပ်မံကတိပြု ပြောကြားထားသည်ကို တွေ့ရပါသည်။

ညီလာခံကြီးတွင် မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့် စီးပွားရေးစင်္ကြံအကောင်အထည်ဖော်နိုင်ရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေးကဏ္ဍများ မြှင့်တင်နိုင်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကိစ္စများကိုလည်း ဆိုင်ရာနိုင်ငံများနှင့်အမြင်ချင်းဖလှယ်နိုင်ခဲ့သည်။

သို့ဖြစ်ရာ (၁၀)နှစ်ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံနှင့် မျက်နှာစုံညီအစည်းအဝေးများသို့ မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနှင့်နိုင်ငံတကာအတွက်ပါ အကျိုးစီးပွားများစွာဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၃၈၀၀ | - | ၆၈၄၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၃၅၀၀ | - | ၆၈၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၉၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၆၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၇၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၆၃. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၃. ၄၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၃. ၁၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၈. ၈၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၉၉. ၆၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၆၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၃၅. ၉၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၀၁. ၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




## လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး မေ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဆုံကွယ်ကျေးရွာအုပ်စု၌ မိုးပွင့်(အထူး)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီခွဲက လားရှိုးမြို့ ဆုံကွယ်ကျေးရွာအုပ်စု ကျေးရွာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလူထံ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၂၈ ကတ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

အဖြူလေး
since1984 ဦးဟန်သာ အင်္ဂလိပ်စာ 095146452
တက္ကသိုလ် ဆရာဟောင်း
အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း
၂၀၁၄-၁၅ ၁၀တန်းဖြေများ အတွက် May 1 စသင်မည်
တက္ကသိုလ်ဝင်ခွင့်များ
ကျောင်းအပ်လက်ခံပြီ
1 Thu, Fri 7:30 - 9:30 ( ဆေး/သွား/UFL ) May1 စပြီ
2 Mon, Tue 2:30 - 4:30 ( ဆေးဝါး/ပြည်သူ့ကျန်းမာရေး/သူနာပြု ) May4 စပြီ
3 Mon, Tue 7:30 - 9:30 ( နည်းပညာ/ကွန်ပျူတာ/ရေကြောင်း ) May4 စပြီ
4 Sat, Sun 7:30 - 9:30 ( ပညာရေး/စီးပွားရေး/ ရန်ကုန်တက္ကသိုလ် ) May2 စပြီ
ဝင်ခွင့်များခေါ်ချိန်တွင် ပြင်ဆင်ချိန်နဲတတ်၍ကြိုဖွင့်ပါသည်။ အင်္ဂလိပ်စာအတွက် 70000/- ဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင် သင်ပါမည် ။ လိုအပ်လျှင် အချိန်ပိုခေါ်သင်မည်။ ခုံနံပါတ်ပြည့်လျှင် လုံးဝလက်ခံမည်မဟုတ်။ ဝင်ခွင့်မရှိလျှင်လည်း မိမိတက်မည့်တက္ကသိုလ်မှ အင်္ဂလိပ်စာ ကို လေ့လာပြီးဖြစ်၍ အကျိုးယုတ်စရာမရှိပါ ။ https://www.facebook.com/hantha.saya

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ မလေးရှားနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် မေ ၂၄**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မေ ၂၄ ရက်မှ ၂၈ ရက်ထိ ကျင်းပမည့် ASEAN People's Forum အစည်းအဝေးနှင့် ASEAN-AIPA အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

တရုတ် ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန**
**(ယခင်မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)**
**အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့**
**အသိပေးကြေညာခြင်း**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ ၁၂-၄-၂၀၁၅ရက် ကြေးမုံသတင်းစာတွင် ကြေညာခဲ့သော မွေးမြူရေးလုပ်ငန်းရှင် ဦးမျိုးအောင်[၁၂/ တကန(နိုင်)၀၉၉၀၆၇]သည် အကြွေးပေးသွင်းရန် ကျပ် ၅၁. ၄၆၅သန်း ထပ်မံ၍ ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန်နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

"CNG TAXI ရောင်းမည်"
Toyota Corolla Van (2001), CNG (70L)
Ph : 09-5174219

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်နိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးရေးမှူးချုပ် မစ္စတာဟွေဖောင်ထျန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဦးတင်ဦးလွင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဗီယက်နမ်နိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့တို့အကြား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်(၁၀)မြို့နယ်တွင် အခြေခံမဲဆန္ဒရှင်စာရင်း ကြည့်ရှုသူ သုံးသောင်းကျော်ရှိ

**ရန်ကုန် မေ ၂၄**

ရန်ကုန်(၁၀)မြို့နယ် အခြေခံမဲဆန္ဒရှင်စာရင်းအရ အသက်(၁၈)ပြည့်ပြီး၍ ဆန္ဒမဲပေးနိုင်သူ မဲဆန္ဒရှင် ၂၄၀၀၀၀ ကျော် ရှိကြောင်း သိရသည်။ မဲဆန္ဒရှင်စာရင်းကပ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအိမ်နီးနားချင်းတွေအတွက်လည်း ကြည့်ပေးလို့ရတာပေါ့”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပထမအဆင့်တွင် (၁၀)မြို့နယ်၊ ဒုတိယအဆင့်တွင် (၁၄)မြို့နယ်နှင့် တတိယအဆင့်တွင်ကျန် (၂၁) မြို့နယ်တို့ကို အဆင့်သုံးဆင့်ခွဲကာ အခြေခံမဲဆန္ဒရှင် စာရင်းပြုစုလျက်ရှိသည်။


ပထမအဆင့် အခြေခံမဲဆန္ဒရှင်စာရင်းကောက်ယူခဲ့သည့် လမ်းမတော်၊ လသာ၊ ဒဂုံ၊ ဗိုလ်တထောင်၊ ကမာရွတ်၊ ကျောက်တံတား၊ ပုဇွန်တောင်၊ ဆိပ်ကမ်း၊ ဒေါပုံနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များရှိ သက်ဆိုင်ရာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မတ် ၃၀ ရက်မှ မေ ၁၂ ရက်အထိ စာရင်းထုတ်ပြန်ကြေညာခဲ့သည်။

လမ်းမတော်မြို့နယ်ရှိ အခြေခံမဲဆန္ဒရှင်စာရင်းတွင် ဆန္ဒမဲပေးနိုင်သူဦးရေ ၂၇၈၁၅ ဦး ရှိပြီး မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူဦးရေ ၂၇၂၀ ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် ရက်စွဲအတိအကျကို မကြေညာရသေးမီကာလအတွင်း၌ အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူ၍ ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။ သတ်မှတ်ထားသည့် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာသည့် ကာလအတွင်း၌ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင် နာမည်မပါရှိပါက ပုံစံ(၃)၊ သေဆုံးပြီးသူများ မဲဆန္ဒရှင်စာရင်းတွင် ပါရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ပြီး မဲဆန္ဒရှင်စာရင်းတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာများ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်ရန် တောင်းဆိုရမည်ဖြစ်သည်။

လမ်းမတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့ ပုံစံ (၃) တွင် ၃၄၁ ဦး၊ ပုံစံ (၄)တွင် ၁၂၅ ဦးနှင့် ပုံစံ (၄-က) တွင် ၂၅၆ ဦး ရှိကြောင်း သိရသည်။

“ရွေးကောက်ပွဲကော်မရှင်ရဲ့ အခြေခံမဲစာရင်းပြုစုတဲ့ပုံစံက အိမ်ထောင်စုဇယားတွေပေါ်အခြေခံပြီး မဲစာရင်းပြုစုတယ်။ လက်ရှိပြုစုတဲ့ နည်းစနစ်ပုံစံကြောင့်လည်း မဲစာရင်းက သွားပြီးကြည့်ဖို့ လိုကိုလိုအပ်ပါတယ်။မဲစာရင်းမှာ ကိုယ့်နာမည်မပါရင် အသေချာဆုံးအချက်ကတော့ ရွေးကောက်ပွဲနေ့မှာ မဲထည့်လို့ ရမှာမဟုတ်ဘူး။ နောက်တစ်ခုကတော့ ဆုံးသွားတဲ့သူတွေ၊ ပြောင်းရွှေ့သွားတဲ့သူတွေ မဲစာရင်းမှာပါနေပြီး ပယ်ဖျက်ပေးဖို့ လာမပြောဘူးဆိုရင် ဒီဟာအပေါ်မှာ အခွင့်အရေးယူပြီးတော့ မသမာမှုလုပ်နိုင်တယ်။ ဒီတော့ ပြည်သူတွေက မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုမှု မလုပ်ဘူးဆိုရင် ပထမအချက်က မိမိရဲ့ နိုင်ငံသားအခွင့်အရေးကို ဆုံးရှုံးမယ်။ ပြီးရင် ဒီအပေါ်မှာ တမင်သက်သက်ပဲဖြစ်ဖြစ်၊ မတော်တဆပဲဖြစ်ဖြစ် မဲမသမာမှုတွေဖြစ်လာနိုင်တယ်” ဟု ဒီမိုကရေစီရွေးကောက်ပွဲစနစ်၌ မဲဆန္ဒရှင်စာရင်းအမည်ပါရှိရေးသည် အဓိကအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းကို ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သည့် PACE အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က သုံးသပ်ပြောကြားသည်။



လမ်းမတော်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ အခြေခံမဲစာရင်းပြုစုသည့်လုပ်ငန်းဆောင်ရွက်စဉ်။

ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်း လာရောက်ကြည့်ရှုသူပေါင်း ၃၁၀၀၀ ကျော်ရှိခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုထံမှ သိရသည်။

“စိတ်ပါဝင်စားမှု နည်းသလား၊ များသလားဆိုတာကိုတော့ ပြောဖို့ခက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသုံးသောင်းလာကြည့်လို့ ဒီသုံးသောင်းအတွက်ပဲလို့ ပြောလို့မရပါဘူး။ လူတစ်ယောက်ထဲက အသက်(၁၈)နှစ်ပြည့်ပြီးတဲ့ သူ့မိသားစုဝင်တွေနဲ့

**သတင်း-မြတ်သန္တာမောင်**
**ဓါတ်ပုံ-အငယ်လေး**

# မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ တန် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စင်ကာပူ ကန်ထရိုက်ရရှိ

**နေပြည်တော် မေ ၂၄**

စင်ကာပူအခြေစိုက် Sembcorp Industries Ltd သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ၂၂၅ မီဂါဝပ်ရှိသည့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်လည်ပတ်ရန် ကန်ထရိုက်တစ်ခု လက်ခံရရှိခဲ့ကြောင်း မေ ၂၄ ရက်က ပြောကြားလိုက်သည်။

အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကုန်ကျမည်ဟု မျှော်မှန်းထားသော အဆိုပါစက်ရုံမှာ မြန်မာနိုင်ငံတွင် အကြီးဆုံးသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း Sembcorp က ထုတ်ပြန်ချက်တစ်ခုတွင် ဖော်ပြထားသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ကမ်းလှမ်းသည့် အဆိုပါစာချုပ်သည် လာမည့် ၁၅ နှစ်တာကာလအတွင်း နှစ်စဉ်တိုးတက်မှုနှုန်း ၁၃ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဟု မျှော်မှန်းထားသော လျှပ်စစ်လိုအပ်ချက်ဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံ၏ အလျင်အမြန်ကြီးမားလာသော လျှပ်စစ်စွမ်းအားဈေးကွက်အတွင်း စင်ကာပူအခြေစိုက်ကုမ္ပဏီများ ဝင်ရောက်လာသည့် အမှတ်အသားပင်ဖြစ်ကြောင်း Sembcorp က ဆိုသည်။

အဆိုပြုထားသည့် ယင်းစက်ရုံမှာ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် တည်ရှိမည်ဖြစ်သည်။ လျှပ်စစ်စွမ်းအား မဂ္ဂါဝပ် ၅၀၀ အမြင့်မားဆုံးထုတ်လုပ်ရန် ခန့်မှန်းတွက်ချက်ထားသည့် အဆိုပါစက်ရုံသည် မြန်မာနိုင်ငံ၏ ကြီးမားသောလျှပ်စစ်စွမ်းအားလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

**(သုတ)**

## ■ချန်ပီယံလိဂ်မှ

ချန်ပီယံလိဂ်ဖလားကို (၁၀)ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသည်လည်း ဂျူဗင်တပ်အသင်းနှင့် ၂၀၁၃-၂၀၁၄ ချန်ပီယံလိဂ်အုပ်စုအဆင့်တွင် ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ပြီး ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ခဲ့ရာတွင် ရီးယဲလ်မက်ဒရစ် အသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဂျူဗင်တပ်အသင်း၏ အိမ်ကွင်းတွင်မူ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါနှစ်သင်းသည် ၁၉၉၇-၁၉၉၈ ဘောလုံးရာသီက ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် တစ်ကြိမ်ဆုံတွေ့ခဲ့ပြီး ယင်းတွေ့ဆုံမှုတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းကသာ အနိုင်ရရှိထားခဲ့ကြောင်း သိရသည်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို မေ ၅ ရက်နှင့် ၆ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကိုမူ မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲကိုမူ ဇွန် ၆ ရက်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာတွင် ပြင်သစ်ပထမတန်းကလပ် နာပိုလီအသင်းသည် ဒီနီပရိုအသင်းနှင့်လည်းကောင်း၊ စပိန်လာလီဂါကလပ် ဆီဗီလာအသင်းသည် အီတလီစီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းနှင့် လည်းကောင်း ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ၏ ပထမအကျော့ကို မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ကို မေ ၁၄ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲကိုမူ ဝါဆောမြို့ရှိ နေရှင်နယ်ကွင်းကြီးထဲတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ရန်ကုန်မြို့တွင်း ရေပေးဝေရေးလျော့နည်းမှုအခြေအနေ

**ရန်ကုန် မေ ၂၄**

မေ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် လှော်ကားဓာတ်အားခွဲရုံမှ ညောင်နှစ်ပင်ရေတွန်းစက်ရုံသို့ သွယ်တန်းထားသော 33 KVA ဓာတ်အားလိုင်းများပေါ်သို့ သစ်ပင်များလဲကျမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ရာ ရန်ကုန်မြို့သို့ ရေပေးဝေရေးလုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ရသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မြို့နယ်များဖြစ်သော မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သယ်န်းကျွန်း၊ ဒဂုံမြို့သစ်(၄)မြို့နယ်နှင့် အနောက်ပိုင်းခရိုင်မြို့နယ်များဖြစ်သော အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဒဂုံမြို့နယ်များတွင် ရေအားလျော့နည်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သစ်ပင်သစ်ကိုင်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ရာ မေ ၂၄ ရက် နံနက် ၈ နာရီ မိနစ် ၄၀ မှသာ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိခဲ့ပြီး ညောင်နှစ်ပင်ရေတွန်းစက်ရုံမှ ရေတွန်းစက်များကို အစဉ်အတိုင်းစတင်မောင်းနှင်၍ ရေပေးဝေလျက်ရှိရာ ယနေ့နှင့် မေ ၂၅ ရက်တို့တွင် ရေအားအနည်းငယ်လျော့နည်းမှုဖြစ်ပေါ်နိုင်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေ နှင့် သန့်ရှင်းမှု)မှ အသိပေးကြေညာထားကြောင်း သိရသည်။

**(ကြေးမုံ)**

# နျူထိပ်ဖူးအလုံး ၄၀ အထိ မြောက်ကိုရီးယားပိုင်ဆိုင်လာဖွယ်ရှိ

**ပေကျင်း ဧပြီ ၂၄**

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်ထက်နောက် မကျဘဲ ယင်း၏ နျူကလီးယားလက်နက်တိုက်ကို အင်အား နှစ်ဆဖြည့်တင်းနိုင်ဖွယ်ရှိကြောင်း တရုတ်ကျွမ်းကျင်သူ ပညာရှင်များက အမေရိကန်လက်နက်ပါရဂူများအား ပြောကြားလိုက်ကြောင်း ဝေါစထရိဂျာနယ် သတင်းစာက ရေးသားဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လက်နက်တိုက်တွင် ၂၀၁၆ ခုနှစ်ထက် နောက်မကျဘဲ နျူကလီးယားထိပ်ဖူး အလုံး ၄၀ အထိ ရှိလာနိုင်သည်ဟု တရုတ်ကျွမ်းကျင်သူ ပညာရှင်များက ခန့်မှန်းကြသည်ဆို၏။

တရုတ်ကျွမ်းကျင်သူ ပညာရှင်များ၏ ထုတ်ဖော်ပြောဆိုချက်အရ မြောက်ကိုရီးယားက ပိုင်ဆိုင်လာနိုင်ဖွယ်ရှိသော နျူကလီးယားထိပ်ဖူးအရေအတွက်မှာ အမေရိကန်ပြည်ထောင်စုက ယခင်ခန့်မှန်းခဲ့သည့် အရေအတွက်ထက်များစွာကျော်လွန်နေကြောင်း အမေရိကန်၌ ထုတ်ဝေသည့် အဆိုပါသတင်းစာတွင် ရေးသားဖော်ပြသည်။

၂၀၁၄ ခုနှစ်ကျော်တွင် မြောက်ကိုရီးယားနိုင်ငံ၌ နျူကလီးယားထိပ်ဖူး အလုံး ၂၀ ရှိသည်ဟု တရုတ်တာဝန်ရှိသူများက အမေရိကန်တာဝန်ရှိသူများနှင့် ဖေဖော်ဝါရီလအတွင်းက တွေ့ဆုံခဲ့ရာတွင်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက်များကို ချုပ်ဆိုထားသည်။ ယင်းသဘောတူညီချက်များအရ တောင်ကိုရီးယားသို့မဟုတ် ဂျပန်နိုင်ငံတိုက်ခိုက်ခံရပါက အမေရိကန်ပြည်ထောင်စုတိုက်ခိုက်ခံရသည်ဟု မှတ်ယူကာ တုံ့ပြန်တိုက်ခိုက်မည်ဆိုသည်။

မြောက်ကိုရီးယားဘေးအန္တရာယ်မှ ကာကွယ်ရန် အမေရိကန်က ယင်း၏အာရှမဟာမိတ်နိုင်ငံများ၌ ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ဖွယ်ရှိကြောင်း ဝေါစထရိဂျာနယ်သတင်းစာတွင် ရေးသားဖော်ပြထားသည်။ **ပီတီအိုင်။**



# ထိုင်းနှင့် တရုတ်စစ်ဘက် ဆက်ဆံရေးတိုးမြှင့်ရန် သဘောတူ

**ဘန်ကောက် ဧပြီ ၂၄**

ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံကြား စစ်ဘက်ဆက်ဆံရေးကို နက်နက်ရှိုင်းရှိုင်းတိုးမြှင့်ရန် ဧပြီ ၂၄ ရက်တွင် သဘောတူညီခဲ့ကြသည်။ ယင်းသဘောတူညီချက်ကို ထိုင်းဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာနှင့် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယအကြီးအကဲ ရှူကီလျန်တို့တွေ့ဆုံဆွေးနွေးပြီးနောက် ရရှိခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်က တရုတ်နိုင်ငံက ထိုင်းနိုင်ငံအပေါ် ကိုယ်ကျိုးမငဲ့သော ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ကြောင်း၊ တရုတ်နိုင်ငံက ထိုင်းနိုင်ငံတွင်တည်ဆောက်မည့် ရထားလမ်းစီမံကိန်းသည် နှစ်နိုင်ငံကြားဆက်ဆံရေးကဏ္ဍသစ်၏ ပြယုဂ်တစ်ခုဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ ထိုင်းနိုင်ငံတွင် အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံပါဝင်မှုကို ကြိုဆိုထောက်ခံကြောင်းနှင့် နှစ်နိုင်ငံကြား စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် ကာကွယ်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မျှော်လင့်လျက်ရှိသည်။

နှစ်နိုင်ငံကြား သဘောတရားထက် လက်တွေ့ဆန်သော စစ်ရေးပူးပေါင်းလေ့ကျင့်မှုများသည် စစ်ဘက်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေမည်ဟုလည်း ပရာရွတ်ချန်အိုချာက ယုံကြည်နေသည်။

ရှူကီလျန်က တရုတ်နှင့် ထိုင်းနိုင်ငံတို့သည် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း၊ ပိုးလမ်းမစီးပွားရေးရပ်ဝန်းနှင့် ၂၁ ရာစုပင်လယ်ရေကြောင်း ပိုးလမ်းမကို ရည်ညွှန်းသော တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း အကောင်အထည်ဖော်မှုသည် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများကို မဟာဗျူဟာကျကျဖွံ့ဖြိုးတိုးတက်စေသကဲ့သို့ ဒေသတွင်း၌ လုံခြုံရေးနှင့်တည်ငြိမ်ရေးကိုပါ တိုးတက်ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံကိုမိတ်ဖက်နိုင်ငံအဖြစ် အပြန်အလှန်ဆက်ဆံ၍ ပူးပေါင်းဆောင်ရွက်မှုများ၊ စစ်ရေးလေ့ကျင့်မှုများ၊ စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ နယ်ပယ်ကဏ္ဍစုံလုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရှူကီလျန်က ပြောကြားသည်။ **ဆင်ဟွာ။**

# ဩစတြေးလျနိုင်ငံရှိ ဒိုင်နိုဆောများသွားလာခဲ့သည့် နေရာများကို ဒရုန်းများဖြင့် ရှာဖွေလျက်ရှိ

**ဆစ်ဒနီ ဧပြီ ၂၄**

ဩစတြေးလျ ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များသည် ရှေးခေတ် ဒိုင်နိုဆောသတ္တဝါနှင့်ပတ်သက်သည့် ထူးခြားသောသတင်းအချက်အလက်များ ရှာဖွေရန် ခေတ်မီနည်းပညာအသုံးပြုထားသည့် မောင်းသူမဲ့လေယာဉ်များ သုံးစွဲနေကြောင်းသိရသည်။

သိပ္ပံပညာရှင်များသည် ဝေးလံခေါင်ဖျားသော ဩစတြေးလျနိုင်ငံ အနောက်ပိုင်းရှိ ခြေလေးချောင်းသတ္တဝါကြီးများ ကူးချည်သန်းချည်သွားရောက်သည့်နယ်မြေများတွင် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသော ခြေရာများကိုလေ့လာရန် ခေတ်မီကင်မရာများတပ်ဆင်ထားသည့် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုနေကြသည်။ သမားရိုးကျလေယာဉ်နှင့်မတူသည်မှာ မောင်းသူမဲ့လေယာဉ်များသည် မြေပြင်မှ ပေအနည်းငယ်အကွာထိ ရောက်ရှိကာ ရစ်ဝဲနိုင်သောကြောင့် သွားလာရန်ခက်ခဲသည့်နေရာများထိ ဝင်ရောက်ကာ ဓာတ်ပုံများအသေးစိတ်ရိုက်ကူးနိုင်သည်။ အဆိုပါ သိပ္ပံပညာရှင်များအဖွဲ့သည် လွန်ခဲ့သောနှစ်သန်းပေါင်း ၁၃၀ ဝန်းကျင်က ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်း အနောက်ကင်ဘာလေကမ်းခြေတစ်လျှောက် ကျန်ရစ်နေသည့် ရာပေါင်းများစွာသော ဒိုင်နိုဆောခြေရာများကို မှတ်တမ်းတင်သည့် သုံးနှစ်ကြာစီမံကိန်းမှာ လမ်းခုလတ်ရောက်ရှိနေပြီဖြစ်သည်။

စီမံကိန်းအကြီးအကဲ စတိဗ်ဆာလစ်ဘူရီက ယခုလလုပ်ငန်းဆောင်ရွက်မှုမှာ အမြင့်စီးမှမြင်ရသည့် ဒိုင်နိုဆောခြေရာရရှိရန် မောင်းသူမဲ့လေယာဉ်တစ်စင်း အသုံးပြုမှုအပေါ် အလေးထားကြောင်းပြောကြားသည်။ မောင်းသူမဲ့လေယာဉ်သည် ပိုမိုစိတ်ဝင်စားစရာကောင်းသော ဒိုင်နိုဆောခြေရာများရှိရာနယ်မြေများပေါ် ရောက်ရှိစေပြီး ပုံထွက်ကောင်းမွန်သည့် ဗီဒီယိုရိုက်ချက်အများအပြားရရှိစေကြောင်း ၎င်းက ဩစတြေးလျရုပ်သံလွှင့်ကော်ပိုရေးရှင်းသို့ ပြောကြားသည်။ ရရှိလာသည့် ရိုက်ချက်မြင်ကွင်းများကို သရီးဒီပုံများအဖြစ် ကွန်ပျူတာဖြင့် ပြောင်းလဲသွားမည်ဖြစ်ပြီး ဒိုင်နိုဆောများ၏ လှုပ်ရှားမှုများကို ထုတ်ဖော်ပြသမည်ဖြစ်သည်။ **ဆင်ဟွာ။**

# လျှို့ဝှက်ချက်ပေါက်ကြားမှုဖြင့် အမေရိကန် ဗိုလ်ချုပ်ကြီးဟောင်းကို အပြစ်ပေး

**ဝါရှင်တန် ဧပြီ ၂၄**

အမေရိကန် အငြိမ်းစားကြယ်လေးပွင့် ဗိုလ်ချုပ်ကြီးဟောင်းလည်းဖြစ်၊ စီအိုင်အေညွှန်ကြားရေးမှူးဟောင်းလည်းဖြစ်သော ဒေးဗစ်ပီထရေးကို ၎င်း၏ အမြောင်မယားအား လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားစေမှုဖြင့် ခံဝန်ချုပ်နှင့်အတူ ငွေဒဏ်များချမှတ်လိုက်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ဗိုလ်ချုပ်ကြီးဟောင်းသည် ၎င်းအားကိုယ်ရေးအတ္ထုပ္ပတ္တိရေးပေးသူ ပေါလာဘရွတ်ဝဲလ်နှင့် မရှင်းမလင်းဖြစ်နေကြောင်း သတင်းများထွက်ပေါ်လာပြီးနောက် ၂၀၁၂ ခုနှစ်တွင် စီအိုင်အေညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခဲ့သည်။

လွန်ခဲ့သည့်နှစ်လခန့်က အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီး ထောင်ဒဏ်တစ်နှစ် အပြစ်ပေးခံရဖွယ်ရှိမှုနှင့် ရင်ဆိုင်ခဲ့ရသည်။

၎င်းသည် ၂၀၀၇ ခုနှစ်တွင် အီရတ်၌တိုက်ပွဲများပြင်းထန်နေချိန်၌ အမေရိကန်တပ်ဖွဲ့များကို ဦးဆောင်ခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံတွင်လည်း နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စဘရွတ်ဝဲလ်သည် ၎င်း၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကိုပြုစုရန် အလုပ်လုပ်နေစဉ် အရေးကြီးသော လျှို့ဝှက်သတင်းအချက်အလက်များ သူ့ထံသို့ ပေါက်ကြားခဲ့ကြောင်း ၎င်းက ဝန်ခံခဲ့သည့်အတွက် အစိုးရရှေ့နေများက ပြစ်ဒဏ်လျှော့ပေါ့ပေးရန် သဘောတူညီခဲ့သည်။



ဗိုလ်ချုပ်ကြီးသည် အာဖဂန်နစ္စတန်၌ တပ်မှူးအဖြစ် တာဝန်ယူနေစဉ် ၂၀၁၁ ခုနှစ်တွင် အရေးပါသော လျှို့ဝှက်သတင်းအချက်အလက်ရှစ်ခုကို မစ္စဘရွတ်ဝဲလ်အား ပေးအပ်ခဲ့သည်ဟု အစိုးရရှေ့နေများက ပြောသည်။

မြောက်ကာရိုလိုင်းနား ချာလော့မြို့ရှိ ပြည်ထောင်စုအဆင့်တရားရုံးက ဗိုလ်ချုပ်ကြီးဟောင်းကို ခံဝန်ချုပ်နှစ်နှစ်ဖြင့် နေထိုင်ရန်နှင့် ဒဏ်ငွေဒေါ်လာ ၁၀၀၀၀၀ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ **ဘီဘီစီ။**



ပြည်တွင်းရေးရာ

# နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေး စိစစ်ရွေးချယ်ရေးကော်မတီ၏ စတုတ္ထအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကြသည့် ကော်မတီများ၏ နောက်ဆုံးကွင်းဆင်းစစ်ဆေးအတည်ပြုချက်များကို အတည်ပြုသွားကြရမည်ဖြစ်ပြီး မပြီးပြတ်သေးသည့် ကိစ္စရပ်များကို ဆက်လက်တင်ပြဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဆုချီးမြှင့်ရေးအခမ်းအနားကျင်းပနိုင်ရန် စီမံချက်ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ဘွဲ့ခံဆရာတော်များနှင့် ဆုလက်ခံရယူကြမည့် လူပုဂ္ဂိုလ်များအား ဖိတ်ကြားရေးတို့ကို အစီအစဉ်တကျ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်အပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကယ်ဆယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်သည့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ရန် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီနှင့် ပညာရပ်ဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီများက ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုချက်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက သတင်းထုတ်ပြန်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများကလည်း ဆုရွေးချယ်ချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



## (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

၂၀၁၅ ခုနှစ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ၇-၅-၂၀၁၅ ရက်နေ့မှ ၁၃-၅-၂၀၁၅ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| စဉ် | အမည် | ရာထူး | ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းနိုင် | ညွှန်ကြားရေးမှူးချုပ် | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၃၄၂<br>၀၉-၈၆၀၁၅၇၂ |
| ၂။ | ဒေါ်ချယ်ရီမာမန်း | ညွှန်ကြားရေးမှူး | နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန နေပြည်တော် | ၀၆၇-၄၀၇၁၅၃<br>၀၉-၄၂၈၁၃၇၇၆၈ |
| ၃။ | ဒေါ်နွယ်နီဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (မန္တလေး) | ၀၂-၈၆၆၆၂<br>၀၉-၇၉၅၉၆၅၇၀၅ |

# ယူကလစ်ပင်၏အမြစ်ရေစုပ်အားကြောင့် မြစ်ကမ်းပါးနံရံများ ရေစိမ့်ထွက်မှုမရှိ

**ဇလွန် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ကျီးပင်တည်ရှိရာ ပင်မရေကာတာ၏ ကမ်းနားဘက်အခြမ်း ပလပ်မြေပေါ်တွင် "၂၀၁၂-၂၀၁၃ ခုနှစ် ဧရာဝတီမြစ်ကမ်းပါးထိန်းသိမ်းရေး တစ်အုပ်တစ်မစိုက်ခင်း ယူကလစ်ပင် ၅၀၀၊ သစ်တောရေးရာဝန်ကြီးဌာန"ဟူ၍ စိုက်ပျိုးခဲ့ရာ ယူကလစ်ပင်များ အောင်မြင်ကြီးထွားနေသည်ကို တွေ့မြင်ရကြောင်း ဇလွန်မြို့နယ် သစ်တောတာဝန်ခံ ဦးထွန်းထွန်းနိုင်က ပြောကြားသည်။

ကမ်းပါးနံရံမှ ရေစိမ့်ထွက်မှုကြောင့် ကမ်းပါးများ ကမ်းပြိုမှုသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။ သို့အတွက် ယူကလစ်ပင်များ၏ အမြစ်မှ မြေကြီးအတွင်း ရေစုပ်အားကောင်းခြင်းကြောင့် လွန်စွာစိုးရိမ်နေရသော ကျီးပင်ကမ်းပါးနံရံများ ရေစိမ့်ထွက်မှုမရှိတော့ဘဲ ကမ်းပါးမြေသားများ ခိုင်မာကျစ်လျစ်နေသည်ကို တွေ့ရ၍ သစ်တောရေးရာ ဝန်ကြီးဌာနအား ဒေသခံများက ကျေးဇူးတင်နေကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အေးခိုင်(ဇလွန်)**



## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပတ္တလားအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှ အဆက်)

၁။ ဝါသနာရှင်(ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ခ) ဖြူပြာမူရာ (ပတ်ပျိုး)
- (ဂ) ပုံပမာ (ကြိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) တောမြိုင်ခြေလှမ်း (ယိုးဒယား)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဇ) ညင်းညင်း (မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မြိုင်ဟေမာ (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) သီလာမြေယံ (ကြိုး)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မိုးမင်းလွန်ကဲ (ကြိုး)
- (ဂ) သောင်းသောင်းညံ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) မင်းလွင်မင်းလွင်မှိုင်းအုံ့ (ကြိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ နှဲအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
- (က) အောင်မြေသာစံ (ပတ်ပျိုး)
- (ခ) နှင်းယွန်းဂိမ္ဘာန် (မွန်)
- (ဂ) ညင်းညင်း (မွန်)
- (ဃ) ကြံကြံဖန်ဖန် (ယိုးဒယား)
- (င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဂ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ဆ) မြိုင်ဂန္ဓမာ (ယိုးဒယား)
- (ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
- (က) ယမုန်နာ (ပတ်ပျိုး)
- (ခ) မှော်ရုံဟေဝန် (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
- (က) ဖေယျာအောင်ချာ (ကြိုး)
- (ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား)
- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) မှန်ရဝေ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား)
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) လာချေပြီ (ကြိုး)
- (ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်။)

# ပါချန်မြစ်ရဲ့ နံဘေး... ခြေဖျားမြို့လေးဆီက... အဖြူရောင်အလင်းရှင်...တွေ

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)

၂၀၁၅ ခုနှစ်ရဲ့ မင်္ဂလာနှစ်သစ်မှာ မြန်မာပြည်တောင်ဖျားစွန်းက ကော့သောင်းမြို့လေးဆီကို ရောက်ခဲ့ပါတယ်။ ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်)ရဲ့ ဖိတ်ခေါ်မှု၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ တာဝန်ပေးအပ်မှုတို့ကြောင့်ပဲ ကော့သောင်းခရီးစဉ်ရယ်လို့ ဖြစ်ပေါ်လာခဲ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ်ကစလို့ မျက်စိအခမဲ့ ခွဲစိတ်ကုသမှုခရီးစဉ်တွေကို မြန်မာနိုင်ငံတစ်နံတစ်လျား သွားရောက်ခဲ့ကြတဲ့ ကျွန်မတို့ အဖွဲ့အနေနဲ့ ၁၅ နှစ်တာကာလအတွင်းမှာ ခရီးစဉ်ပေါင်း ၇၀ ကျော်ရှိခဲ့ပါပြီ။ ပြည်သူတွေရှိရာကို အလင်းတွေပေးဝေနိုင်ဖို့ မြန်မာပြည်မြောက်ဖျားစွန်း ကချင်ပြည်နယ် မိုးညှင်းမှသည် အခုဆိုရင် တောင်ဖျားစွန်းဖြစ်တဲ့ ကော့သောင်းမြို့အထိ ခရီးဆန့်နိုင်ခဲ့ကြပါပြီ။

ကော့သောင်းမြို့လေးကတော့ တနင်္သာရီတိုင်းဒေသကြီးရဲ့ "ကင်း"မြို့၊ နိုင်ငံတော်ရဲ့ တောင်ဘက်တံခါးဝ မျက်နှာစာပြရာမြို့၊ ပုလဲရတနာ၊ ရေပေါ်ရေအောက် သယံဇာတ၊ သဘာဝရှုခင်းတွေနဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေ မျက်စိကျစေတဲ့ မြို့ဖြစ်ပါတယ်။ စတုရန်းမိုင် ၁၀၄၁ ဒသမ ၃၉၄ မိုင် ကျယ်ဝန်းပြီး တောင်ကုန်းတောင်တန်းများအကြား ချစ်စဖွယ်တည်ရှိနေတဲ့ မြို့လေးမှာ မွန်၊ ကရင်၊ ရခိုင်၊ ဆလုံ၊ ထားဝယ်၊ ဗမာ စတဲ့ တိုင်းရင်းသားတွေ နေထိုင်ကြပါတယ်။ ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်၊ သရက်၊ ကွမ်း၊ ငရုတ်ကောင်းတွေနဲ့ စီးပွားရေး အချက်အချာကျလှတဲ့ မြို့ဖြစ်ပါတယ်။

ပြာလဲ့စိမ်းမှောင်နေတဲ့ အဏ္ဏဝါပင်လယ်ပြင်၊ စိမ်းစိုနေတဲ့ ကျွန်းတန်း ကျွန်းစုများ၊ ကျောက်ဆောင် ကျောက်တန်းများနဲ့ ရှုလေတိုင်းဟာ သာယာလွမ်းမောစရာကောင်းလှပါတယ်။

ကျွန်မဟာ ၇-၂-၂၀၁၅ ရက်မှာ ကော့သောင်းမြို့ကို ကြိုတင်သွားရောက်ခဲ့ပါတယ်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေလင်းနဲ့အတူ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ NGO ပရဟိတအဖွဲ့များ၊ မြို့မိ မြို့ဖများနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး လုပ်ငန်းစဉ်ချောမွေ့ရေးအတွက် ကြိုတင်ညှိနှိုင်းခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတွေကို စနစ်တကျ စီစဉ်ခဲ့ကြပါတယ်။ ကော့သောင်းမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးမောင်မောင်အောင်၊ တာဝန်ခံ ဒေါ်ချမ်းကြည်၊ အဝေးရောက်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျင်းဖိန်၊ အတွင်းရေးမှူး ဦးဘိုဘိုအောင်နဲ့ အသင်းဝင်များ၊ နာယကကြီးများ၊ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်သွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစီနှင့် အသင်းအဖွဲ့များက ဝိုင်းဝန်းကူညီပေးခဲ့ကြပါတယ်။

အေးမြကန်သာ ရပ်ကွက်မှာ တည်ရှိတဲ့ ကော့သောင်းမြို့နယ်ဆေးရုံကြီးဟာ ခုတင် (၁၀၀) ဆံ့ဖြစ်ပြီး ဆေးရုံရဲ့ တည်ဆောက်ပုံ အနေအထား ပတ်ဝန်းကျင်သဘာဝအလှ ရှုခင်းတွေကို မြင်လိုက်ရတဲ့အခါ ကျွန်မတို့ သွားရောက်ခဲ့ဖူးတဲ့ ဆေးရုံတွေ အားလုံးထဲမှာဖြင့် အလှပဆုံး၊ အခံ့ညားဆုံးနဲ့ အသစ်လွင်ဆုံး၊ အသန့်ရှင်းဆုံးပါပဲလို့ မှတ်ချက်ချမိပါတယ်။ ဆေးရုံကိုရောက်တာနဲ့ အဓိကအချက်ဖြစ်တဲ့ မျက်စိခွဲစိတ်ခန်းအဖြစ် အသုံးပြုမယ့် နေရာကို စံချိန်စံညွှန်းနဲ့ကိုက်ညီစေဖို့ ပြင်ဆင်ခြင်း၊ ပိုးသတ်ခြင်း၊ လာရောက်ပြသတဲ့ လူနာမှန်သမျှ တစ်ယောက်မကျန် ကြည့်ရှုပေးနိုင်ဖို့ အရေးတွေကို ကြိုတင်စီစဉ်ခဲ့ပါတယ်။

အဲဒီ ကြိုတင်အစည်းအဝေးမှာ တက်ရောက်လာကြတဲ့ မြို့ခံလူထုရဲ့ တက်ကြွမှု၊ စည်းလုံးမှု၊ မိမိရပ်ရွာအကျိုးကို မြှင့်တင်လိုမှုတွေကို မြင်တွေ့ခဲ့ရပါတယ်။ အဲဒီနေ့မှာပဲ မြို့နယ်ဆရာဝန်ကြီးနဲ့ အထူးကုဆရာဝန်များ ကွင်းဆင်းကုသရေးအဖွဲ့ရဲ့ ယုဇနဆီအုန်းခြံ ဝန်ထမ်းမိသားစုတွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးတာနဲ့ ကြုံကြိုက်တာမို့ ကျွန်မ လိုက်ပါဖြစ်ခဲ့ပါတယ်။ ဆီအုန်းခြံမိသားစုတွေထဲက မျက်စိလာပြတဲ့ လူနာ ၁၀၀ မှာ အတွင်းတိမ် ငါးဦးလောက်ပဲ တွေ့ရပြီး မျက်သားတက်လူနာ ၂၂ ဦးကို တွေ့ခဲ့ရတော့ ဒီကော့သောင်းခရီးစဉ်မှာလည်း ရခိုင်ဒေသ၊ အညာဒေသတွေလို အတွင်းတိမ်လူနာ သိပ်ရှိမှာမဟုတ်ဘူးလို့ ထင်လိုက်မိပါတယ်။ ဒါပေမယ့် တကယ်လက်တွေ့လာတဲ့အခါမှာတော့ အတွင်းတိမ်ဝေဒနာရှင်တွေ အများကြီးရှိနေတာ တွေ့လိုက်ရပါတယ်။ ဒါပေမယ့်လည်း ကျွန်မရဲ့အတွေ့အကြုံအရ မျက်စိခွဲစိတ်ပစ္စည်းတွေကို ပိုပိုလျှံလျှံ ယူဆောင်လာခဲ့တာကြောင့် လိုအပ်ချက်ဆိုတာ မရှိခဲ့ပါဘူး။

ခရီးစဉ်တစ်ခု အောင်မြင်နိုင်ဖို့ဆိုတာမှာ အချက်များစွာ လိုအပ်ပါတယ်။ ကျွန်မတို့ ဆရာဝန် ဆရာမတွေရှိနေရုံနဲ့ မပြီးပါဘူး။ ဒေသခံတွေရဲ့ ပံ့ပိုးမှု၊ အလှူရှင်တွေရဲ့ စားရေး၊ နေရေး၊ သွားလာရေး ဖြည့်ဆည်းပေးနိုင်မှုတွေအပြင် လာရောက်ပြသကြမယ့် ဒေသခံဝေဒနာရှင်တွေရဲ့ အားကိုးမှုတွေလည်း လိုအပ်ပါတယ်။

ကော့သောင်းခရီးစဉ်မှာတော့ အားသုံးခုကို တွေ့မြင်ခဲ့ရပါတယ်။ နံပါတ်တစ်က လိုက်ပါလာခဲ့ကြတဲ့ ကျွန်မတို့ မျက်စိဆရာဝန်၊ ဆရာမတွေရဲ့ စည်းလုံးညီညွတ်မှုအားတွေ ဆရာကြီးပါမောက္ခ ဒေါက်တာဦးကံညွန့်ရဲ့ ဦးဆောင်မှုအောက်မှာ မွန်ပြည်နယ် မော်လမြိုင်ဆေးရုံက ဒေါက်တာဥမ္မာရီ၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြဆေးရုံက ဒေါက်တာစောသွင်မွန်သိန်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဆေးရုံက ဒေါက်တာ မင်းသန်းနိုင်ဦး၊ မြိတ်ဆေးရုံက ဒေါက်တာအေးမြတ်ဦး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံက ကျွန်မနဲ့အတူ သူနာပြုဆရာမတွေ၊ မျက်မှန်ကျွမ်းကျင် အင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်း အားလုံးတို့ဟာ မောင်နှမရင်းချာပမာ တက်ညီ လက်ညီ၊ မခိုမကပ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ဆောင်ရွက်ခဲ့ကြတဲ့ အားတွေပါ။ နောက်အားတစ်ခုကတော့ အလှူရှင်တွေရဲ့ လှူဒါန်းလိုစိတ်၊ မိမိတို့ နယ်သူ နယ်သားတွေအပေါ်မှာထားရှိတဲ့ ဖြူစင်တဲ့စေတနာအားတွေနဲ့ဖြစ်လိုမှု ဆန္ဒအားတွေပါ။ "လှူအလိုနတ်မလိုက်နိုင်" ဆိုပေမယ့် ကျွန်မတို့ဖြစ်လိုသမျှကို အဘက်ဘက်က ဖြည့်ဆည်းပံ့ပိုးပေးခဲ့တာတွေကြောင့် "လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့မြို့"လို့တောင် ကျွန်မတင်စားခဲ့မိပါတယ်။

နောက်အားတစ်ခုက မြို့ခံ၊ မြို့မိ မြို့ဖ၊ အသင်းအဖွဲ့တွေနဲ့ ဆေးရုံဝန်ထမ်းတွေရဲ့ မောတယ်ပန်းတယ်မရှိ ထက်သန်လှတဲ့ စေတနာအားတွေပါပဲ။ ဒါကြောင့်လည်း ၂၈-၂-၂၀၁၅ ရက်မှ ၃-၃-၂၀၁၅ ရက်အထိ အချိန်တိုလေးအတွင်းမှာ လူနာပေါင်း ၂၈၃၁ ဦးကို ကြည့်ရှုပေးနိုင်ခဲ့ပြီး အတွင်းတိမ်လူနာ ၂၈၀၊ ရေတိမ်တစ်ဦး၊ မျက်သားတက် ၂၂ ဦး၊ အသေးစားခွဲစိတ်မှု ၂၅ ဦးတို့ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ ထူးခြားချက်အနေနဲ့ မွေးရာပါ အတွင်းတိမ် ကလေးငယ်နှစ်ဦးကို မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမော်မော်ရဲ့ အကူအညီနဲ့ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့တာကြောင့် အဘက်ဘက်က ပြီးပြည့်စုံတဲ့ အောင်မြင်မှုအပေါင်းနဲ့ ခညောင်းတဲ့ ပွဲလို့ ဆိုလိုက်ချင်မိပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ရဲ့ ကုသမှုလုပ်ငန်းတွေ အောင်မြင်ပြီးစီးခဲ့ပြီမို့ ကော့သောင်းမြို့ရဲ့ အထင်ကရ နေရာတွေကို လည်ပတ်ကြည့်ရှုဖို့ စီစဉ်ကြပါတယ်။ ပြည်တော်အေးဘုရား၊ မွေတော်ကျွန်း၊ ဇာတိမာန်တက်ကြွဖွယ်ရာ ဘုရင့်နောင်ရုပ်တုတည်ရှိရာ ဘုရင့်နောင်ကုန်းမြေ၊ ဘုရင့်နောင်အငူ၊ ကြယ်ငါးပွင့်အဆင့် သူဌေးကျွန်းဟိုတယ်၊ မလိဝမ်းရေတံခွန်နဲ့ အောင်သပြေ ရေပူစမ်း၊ မြန်မာနိုင်ငံရဲ့ အရှည်ဆုံး သစ်သားပုလုံးတံတိုတံတား စတဲ့ အလှတရားတွေကို လိုက်လံကြည့်ရှုရင်း ပင်ပန်းသမျှတွေ ပြေပျောက်ခဲ့ရပါတယ်။

ဘုရင့်နောင်ရုပ်တုကြီး တင့်တယ်စွာရှိနေတဲ့ တောင်ကုန်းပေါ်ကနေပြီး ကော့သောင်းမြို့ရဲ့ အလှအပတွေကို တမေ့တမော ကျွန်မငေးကြည့်နေမိတယ်။ တစ်ဖက်က မွေတော်စေတီ၊ တစ်ဖက်မှာက စိမ်းညို့ညို့ကျွန်းလေးကြားက ခံ့ညားထည်ဝါစွာ ခေါင်းမော့ကြည့်နေတဲ့ အက်ဒမန်ဟိုတယ်။ ဘုရင့်နောင်ရုပ်တုကြီးကို မော့ကြည့်မိပြန်တော့ "တို့ မြေကို တစ်လက်မ အထိမခံ၊ တို့ကာကွယ်မည်ဆိုတဲ့ ဓားဆွဲတဲ့ဟန်"၊ "ဘယ်ခြေဖြင့် မြေကြီးကိုနင်းပြီး တို့မြေကို တို့ပိုင်ဆိုင်ကြောင်း ဖော်ပြတဲ့ဟန်"၊ "မျိုးချစ်စိတ်အပြည့်ကို ပုံဖော်ပြနေတဲ့ မျက်နှာအနေအထား"တွေနဲ့ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ပြောင်မြောက်လှတဲ့ အံ့သြဘနန်း အနုပညာလက်ရာကဖြင့် ကျွန်မတို့အားလုံးရဲ့ ရင်ထဲမှာ ဇာတိသွေး၊ ဇာတိမာန်တွေ တဖွားဖွား ဖြစ်ပေါ်လာရပါတယ်။ ဒီဟန် ဒီမာန်တွေကို မြင်တွေ့လိုက်တာနဲ့ ယနေ့ထိတိုင် "ထိုင်း" ခရီးသွားတွေ နေ့စဉ်လိုလို ဒူးတုပ်ခစား ဦးခိုက်ရှိခိုးနေကြတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

ဘုရင့်နောင်အငူကိုရောက်တော့ ခုံတန်းလေးပေါ်မှာ ထိုင်ပြီး ပါချန်မြစ်ကမ်းခြေရဲ့ ညနေဆည်းဆာအလှကို ယစ်မူးစွာ ငေးမောကြည့်နေမိတယ်။ ပင်လယ်ရေပြင်နဲ့ ဆက်နွယ်နေတဲ့ ပါချန်မြစ်ရေဟာ ရုတ်တရက် တိုက်ခတ်လာတဲ့လေကြောင့် လှိုင်းကြက်ခွပ်လေးတွေကနေ ကြီးမားတဲ့ လှိုင်းလုံးကြီးတွေအဖြစ် တလိပ်လိပ်၊ တတွန့်တွန့်ပြေးရင်း သဲတန်းကမ်းခြေအစပ်ကို နှုတ်ဆက်နေကြသည့် ပုံကို ကြည့်ပြီး "ဆရာနိုင်တာရာ" ရဲ့ ကဗျာလေးတစ်ပုဒ်က ရင်ထဲ တိုးဝင်လာရတယ်။

**"မြေပုံခြေဖျားက . . . မြို့လေး**
**ပါချန်မြစ်ရဲ့ . . . . နံဘေး**
**အက်ဒမန်ပင်လယ်ဘေးမှာ**
**ခပ်ကွေးကွေး အိပ်နေရာက**
**ဖီးနစ်ငှက် အလှသဏ္ဍာန်မျိုးနဲ့**
**ရှင်သန် . . . . နိုးထခဲ့ပြီလေ . . . "**

၁၇၅၀ ပြည့်နှစ်ဝန်းကျင်က အစပြုခဲ့ပြီး ၁၈၉၁ ခုနှစ်မှာ ကော့သောင်းကျေးရွာမှသည် မြို့အဖြစ် ပြောင်းလဲလာခဲ့တယ်လို့ ဆိုတဲ့ ကော့သောင်းမြို့ရဲ့ သမိုင်းကြောင်းကလည်း ချစ်စရာပါပဲ။ ပါချန်မြစ်ရိုးချောင်းဖျားဒေသများဆီကို ရေကြည်ရာ မြက်နုရာ ရှာဖွေကြရင်း တိုင်းတစ်ပါးသားများဖြစ်တဲ့ ထိုင်းလူမျိုးများ၊ ရှမ်း၊ ပသျှူး၊ ဆလုံနဲ့ အနည်းငယ်သော ဗမာလူမျိုးတွေဟာ ကျယ်ပြန့်လှတဲ့ မြေအနေအထားနဲ့ နေထိုင်ဖို့ သင့်လှတဲ့ မလိဝမ်းကျေးရွာလေးမှာ စတင် အသက်မွေးခဲ့ကြပါတယ်။ "မလိဝမ်း" ဆိုတာကတော့ ရွာတည်စမှာ ရွာရိုးတစ်လျှောက် ဇွန်ပန်းတွေ ဝေဝေဆာဆာပွင့်ကြတာကို အစွဲပြုပြီး ထိုင်းဘာသာနဲ့ မာလိ=ပန်း၊ ဝမ်း=တစ်နေ့ "ထိုပန်းတို့ ပွင့်သောနေ့"လို့ အဓိပ္ပာယ်ယူပြီး မလိဝမ်းလို့ ခေါ်တွင်ခဲ့တာဖြစ်ပါတယ်။

မလိဝမ်းကနေ ၂၄ မိုင်အကွာမှာ ကော့သောင်းရွာရှိနေခဲ့ပါတယ်။ ပသျှူးလူမျိုးတွေဟာ မိမိတို့နေထိုင်ရာဒေသ အရှေ့မှာရှိတဲ့ မွေကျွန်းနဲ့ ဘာဝါးကျွန်း၊ အဲဒီ ကျွန်းညီနှစ်လုံးကို အစွဲပြုပြီး ရွာအမည် မှည့်ခေါ်ခဲ့ပါတယ်။ ပသျှူးဘာသာနဲ့ ပူလိုဒူးဝါးရွာ (ပူလို=ကျွန်း၊ ဒူးဝါး=နှစ်)၊ ထိုင်းဘာသာနဲ့ "ကော့စွန်း"(ကော့=ကျွန်း၊ စွန်း=နှစ်)၊ မြန်မာဘာသာနဲ့ "ကော့သောင်း" ရယ်လို့ ခေါ်ဝေါ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

**"အတိတ်ကာလ ခရီးတစ်ခေတ်က**
**စီးဂျစ်ပဆီဆိုတဲ့**
**ဆလုံတွေရဲ့ နေထိုင်ခဲ့ရာ**
**ရတနာတွေစုရုံး. . . ခြေဖျားရဲ့**
**အစွန်ဆုံးမှာ**
**ငါးသုံးလုံးတောင်တန်းကြီးဟာ**
**မြို့လေးပေါ်မှာ ဖြန့်ကြက်**
**ကွန်ရက်တစ်ခုလို**
**လှေများရဲ့ ရေပြင်ကို အရိပ်ထိုး**
**အုပ်မိုးနေလေရဲ့"တဲ့**

ကဗျာလေးကို တီးတိုးရွတ်ဆိုမိရင်း ဘုရင့်နောင်အငူရဲ့ အစွန်းလေးမှာ ရပ်နေမိတဲ့ ကျွန်မ၊ မြန်မာပြည်မြေပုံထဲက ခြေဖျားစွန်းလေးပေါ် တကယ်ရောက်နေခဲ့တာပါလားဆိုတဲ့ အတွေးက ဖျတ်ခနဲပေါ်လာတော့ ကြည်နူးစိတ်နဲ့ရင်ထဲလှုပ်ခတ်သွားခဲ့ရတယ်။

အဲဒီနောက်မှာတော့ ကျွန်မတို့အဖွဲ့ဟာ မလိဝမ်းမှာရှိတဲ့ ရေတံခွန်နဲ့ အောင်သပြေရေပူစမ်းမှာ အပန်းဖြေအနားယူခဲ့ကြတယ်။ သဘာဝရေပူစမ်းမှာ ရေစိမ်လိုက်ရတာနဲ့တင် တစ်ပတ်လုံး မောခဲ့ရတဲ့ ဘဝအမောတွေ၊ အလုပ်အမောတွေ၊ တာဝန်ဝတ္တရားတွေ အားလုံး မေ့သွားခဲ့ရတော့တယ်။ ခရီးစဉ်တစ်လျှောက်လုံး ကျွန်မတို့ ပျော်ရွှင်နေခဲ့ကြတယ်။ လေယာဉ်ခရီးနဲ့ ပြန်လာတော့ အပြန်လမ်းမှာ ကျွန်မဘေးမှာထိုင်နေတဲ့ ဒေါက်တာဥမ္မာရီကို တီးတိုးစကား ဆိုမိတယ်။

"ဥမ္မာရေ ဘာမှသာမဟုတ်တယ်။ ၁၅ နှစ်ဆိုတဲ့ကာလတောင် ကြာခဲ့ပြီနော်။ မြန်မာပြည်အနှံ့သွားပြီး ပြည်သူတွေအတွက် ပေးဆပ်ခဲ့တဲ့ ပညာလုပ်အားတွေနဲ့ အလင်းအလှူတွေကဖြင့် အဖြူရောင်သန့်သန့်လေးပါ။ သူတို့ရဲ့ဘဝတွေကို ဖုံးအုပ်နေတဲ့ တိမ်သလ္လာတွေကို ဖယ်ရှားပေးနိုင်လို့ အမှောင်ခွင်းပေးနိုင်ခဲ့ပြီ။ ကျွန်မတို့ပေးဝေခဲ့တဲ့ အလင်းတွေကိုသာ စုစည်းကြည့်လို့ရမယ်ဆိုရင်လေ ဟောဒီ စကြဝဠာကြီးတစ်ခုလုံး တုန္နိုင်းလို့မရအောင် လင်းလက်တောက်ပနေမှာသေချာတယ်"လို့ ဆိုမိတော့....။

"တို့တော့ ဒါတွေကို မတွေးမိပေါင်ဟယ်။ ဒီမြို့ကိုသွား၊ ဒီလူနာတွေကြည့်ပေးပါ၊ ခွဲပေးပါဆို ခွဲလိုက်တာပဲ။ ကိုယ့်အလုပ်က မျက်စိဆရာဝန်ဆိုတော့လည်း မျက်စိခွဲနေရရင်၊ ကိုယ်ခွဲသမျှ မြင်ရပြီဆိုရင် ပျော်နေတာပါပဲ။ ခုလို ခရီးတွေသွားရမှပဲ တို့တစ်တွေ အတူပြန်တွေ့ကြရတာဆိုတော့ အလုပ်လို့ မမှတ်ပါဘူး၊ ပျော်တာပဲသိတယ်။ နီလာ့လိုတော့ ကဗျာဆန်ဆန်တွေးမနေပါဘူး"လို့ ပကတိရိုးသားပွင့်လင်းစွာ ပြန်ပြောတော့ နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်မိကြတယ်။

အဟုတ်ကိုပါပဲ။ ကျွန်မတို့အားလုံး ပျော်ရွှင်ခဲ့ရတာပါ။ ဒီခရီးစဉ် စတင်နိုင်ဖို့ ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)နဲ့ ဆက်သွယ်ပေးခဲ့တဲ့ ခရီးစဉ်တစ်လျှောက်လုံး ကျွန်မဖြစ်လိုသမျှကို မညည်းမညူ ပါရမီဖြည့်ပေးခဲ့ကြတဲ့ မသီတာ(ဒေါ်သီတာစိန်)၊ ဒေါ်နီလာဝင်း၊ ဒေါ်ချမ်းကြည်၊ ဒေါ်ခင်ယုလွင် (မနွယ်)၊ ဒေါ်ခင်သစ်လွင်(မရှုပို)၊ သူဌေးကျွန်းဟိုတယ်ပိုင်ရှင် ဦးကျော်လွင်တို့အားလုံးကို ခရီးစဉ်နဲ့အတူ သတိရနေမှာပါ။

ကျွန်မတို့ရဲ့ အလင်းအလှူဒါန အောင်ပွဲကို ကိုယ်တိုင်လာရောက်အားပေးလမ်းညွှန်ပေးပါသော ဆရာကြီး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာနေလင်းနဲ့ ဆေးရုံဝန်ထမ်းများ၊ ပရဟိတ လူမှုရေး အသင်းအဖွဲ့များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနဲ့ ကျွန်မတို့တစ်တွေရဲ့ စုပေါင်းအားနဲ့ ဖန်တီးတည်ဆောက်ပေးခဲ့ကြတဲ့ အလင်းကမ္ဘာသစ်ကြီး အဓွန့်ရှည်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတော့တယ်။ ။

**ခရီးစဉ်တစ်ခု အောင်မြင်နိုင်ဖို့ဆိုတာမှာ အချက်များစွာ လိုအပ်ပါတယ်။ ကျွန်မတို့ ဆရာဝန် ဆရာမတွေရှိနေရုံနဲ့ မပြီးပါဘူး။ ဒေသခံတွေရဲ့ ပံ့ပိုးမှု၊ အလှူရှင်တွေရဲ့ စားရေး၊ နေရေး၊ သွားလာရေး ဖြည့်ဆည်းပေးနိုင်မှုတွေအပြင် လာရောက်ပြသကြမယ့် ဒေသခံဝေဒနာရှင်တွေရဲ့ အားကိုးမှုတွေလည်း လိုအပ်ပါတယ်။**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**ရန်ကုန် မေ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်း အမှတ်(၅၉)ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီး ကုန်တင်ကုန်ချ အလုပ်သမားဥပဒေအာဏာတည်သည့်နေ့သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာ**

**အမှတ်၊ ၄/၂၀၁၅**


**၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ကုန်တင်ကုန်ချ အလုပ်သမားဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်တင်ကုန်ချအလုပ်သမားဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)နေ့မှစ၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

**(ပုံ)မြင့်ဆွေ**
**ဝန်ကြီးချုပ်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**




# အလုပ်ရှင်နှင့် အလုပ်သမားများ မိတ်ဖက်ကဲ့သို့ သတ်မှတ်ဆက်ဆံကြရန်လိုအပ်

**ရန်ကုန် မေ ၂၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုမြို့ ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုဇုန်မှ အလုပ်ရှင်၊ အလုပ်သမားများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ဒေါ်ဝင်းမော်ထွန်း၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများ၊ လှိုင်သာယာစက်မှုဇုန်မှ အလုပ်ရှင်နှင့် အလုပ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လှိုင်သာယာစက်မှုဇုန်သို့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ပထမအကြိမ် လာရောက်ခဲ့ပြီး စက်မှုဇုန်ကော်မတီ၏ ဖိတ်ကြားမှုအရ ဒုတိယအကြိမ်လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ကာလသည် မိမိတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေး ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဖော်ဆောင်နေချိန်ဖြစ်ပါကြောင်း၊ အခွင့်သာခိုက်တွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ရိုးသား၊ ကြိုးစား၊ ပြည်သူ့အားဖြင့် တည်ဆောက်ရန်လိုအပ်ပါကြောင်း။

ပြည်သူများဟုဆိုရာတွင် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကအလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် အခြားအခြားသော အလုပ်သမားများ ပါဝင်ပါကြောင်း၊ အဆိုပါအလုပ်သမားများ ထိုက်သင့်သည့် ဝင်ငွေရရှိရန် လိုအပ်သကဲ့သို့ ၎င်းတို့ကို မှီခိုနေရသည့် သက်ကြီးရွယ်အိုနှင့် မိသားစုဝင်များ၏ စားဝတ်နေရေးအတွက်လည်း စဉ်းစားပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် အကြောင်းအရာလေးခု ပါဝင်သည့် အရေးကြီးအဆိုတင်သွင်းခဲ့ပါကြောင်း။

ယင်းအဆိုတွင် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့်အညီ လစာတိုးမြှင့်ရရှိရေး၊ တစ်နိုင်ငံလုံး၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ရေးဥပဒေအရ ဥပဒေပါ အခွင့်အရေးများ ခံစားခွင့်ရရှိရေး၊ အလုပ်သမားများ၏ လုပ်ခလစာကို အနည်းဆုံးအခကြေးငွေဥပဒေနှင့်အညီ ဆောလျင်စွာသတ်မှတ်ပေးရေး၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ထိုက်သင့်သည့် ချီးမြှင့်ငွေရရှိရေးအချက်များ ပါဝင်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏တိုက်တွန်းတောင်းဆိုချက်အရ နိုင်ငံ့ဝန်ထမ်းများနှင့် ပင်စင်စားများအား နိုင်ငံတော်၏ ဓနအင်အားပေါ်မူတည်၍ လစာတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ မျှော်လင့်သလောက်မဖြစ်သော်လည်း ထိုက်သင့်သလောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း။

ယခုအခါ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ တောင်သူလယ်သမားများအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ အလုပ်သမားများအတွက်လည်း လုပ်ဆောင်ပေးရန် ကျန်ရှိနေပါကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း တွေ့ဆုံခဲ့စဉ်က အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရကိုယ်စားလှယ်များ ညှိနှိုင်းမှုအရ အချို့ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ခဲ့၍ ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်တွေ့ဆုံစဉ် ဖြေရှင်းရန်ကျန်ရှိသည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရမည်ဟု ခံယူပါကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများဆန္ဒအရ တစ်ဖက်နှင့်တစ်ဖက် အပေးအယူ လုပ်ဆောင်ခြင်းပင်ဖြစ်ပါကြောင်း၊ ကျန်ရှိနေသည့် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ်များအနေဖြင့် အလုပ်သမားနှင့် အလုပ်ရှင်အကြား ဖြစ်ပေါ်နေသည့်ကိစ္စရပ်များကို စေတနာပါပါ၊ အရည်အချင်းရှိရှိ၊ ပွင့်ပွင့်လင်းလင်း ဆောင်ရွက်ပါက ထိုက်သင့်သည့် အခြေအနေတစ်ခု ရရှိမည်ဖြစ်ပါကြောင်း။

ယနေ့ကာလသည် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဦးစားပေးဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ လူတန်းစားအမြင်ဖြင့် လုပ်ဆောင်ပါက ခေတ်ဟောင်း၊ စနစ်ဟောင်းကို ပြန်သွားသကဲ့သို့ ဖြစ်မည်ဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားသည် စီးပွားဖက်ဖြစ်ပါကြောင်း၊ အလုပ်ရှင်အဆင်ပြေမှ အလုပ်သမား အဆင်ပြေမည်ဖြစ်ပြီး အလုပ်သမားအဆင်ပြေမှလည်း အလုပ်ရှင်အဆင်ပြေမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အကျိုးစီးပွားများသည် နိုင်ငံတော်အတွက်ပင်ဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် ရန်သူကဲ့သို့ သဘောမထားဘဲ မိတ်ဖက်ကဲ့သို့ သတ်မှတ်ဆက်ဆံကြရန် လိုကြောင်း။

လွှတ်တော်အနေဖြင့် ပြည်သူ့ဘက်မှ အမြဲရပ်တည်လျက်ရှိပါကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းစေပြီး ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အလုပ်သမားများနှင့် ပတ်သက်၍လည်း အစိုးရအဖွဲ့၏ တင်ပြလာမှုအပေါ် အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ တွေ့ဆုံပွဲသို့တက်ရောက်လာသည့် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်း၊ မျှမျှတတ၊ အပြုသဘောဆောင်၍ တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အနည်းဆုံးအခကြေးငွေသတ်မှတ်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်တင်မိုးခိုင်(Sakura အထည်ချုပ်စက်ရုံ)၊ ဦးဝင်းဇော်(မော်ဘီ JCB စက္ကူပုံးစက်ရုံ)၊ ဦးပြည့်ဖြိုးအောင် (East Growth အထည်ချုပ်စက်ရုံ)နှင့် ဒေါ်ကြည်ကြည်ထွန်း (New Way အထည်ချုပ်စက်ရုံ)တို့က အလုပ်သမားများ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလုပ်ရှင်ကိုယ်စားလှယ်များဖြစ်ကြသော လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်နှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးအေးလွင်တို့က ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။
**(အပေါ်ပုံ)**

**(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

ပြည်တွင်းရေးရာ

# ဘန်ဒေါင်းမြို့၌ ကျင်းပသည့် နှစ် (၆၀) ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်



နိုင်ငံတော်သမ္မတဦးသိန်းစိန် နှစ်(၆၀)ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံတက်ရောက်စဉ်။ (ပြန်/ဆက်)

**နေပြည်တော် မေ ၂၄**

ဂျကာတာမြို့၌ ရောက်ရှိနေသာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နှစ်(၆၀)ပြည့် အာရှ-အာဖရိကထိပ်သီးညီလာခံသို့ တက်ရောက်ရန် မေ ၂၄ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဘန်ဒေါင်းမြို့သို့ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ရောက်ရှိကြသည်။

နှစ် (၆၀) ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံကို နံနက် ၉ နာရီခွဲတွင် ဘန်ဒေါင်းမြို့ Gedung Merdeka ရှိ အာရှ-အာဖရိက ထိပ်သီးညီလာခံပြတိုက်တွင် ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နှစ်(၆၀)ပြည့် အာရှ-အာဖရိက ထိပ်သီးညီလာခံ၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာမှု မြှင့်တင်ရန်၊ အာရှ-အာဖရိက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်တို့ဖြစ်သည်။

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာဖရိကနိုင်ငံများ ကိုယ်စား ဇင်ဘာဘွေနိုင်ငံ သမ္မတ ရောဘတ်မူဂါဘီက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် အာရှနိုင်ငံများ ကိုယ်စား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် ၁၉၅၅ ခုနှစ် အာရှ-အာဖရိက အစည်းအဝေး၏ နှစ်(၆၀)ပြည့် အခမ်းအနားတွင် ယခုကဲ့သို့ မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ အာရှ-အာဖရိက အစည်းအဝေး နှစ် (၆၀) ပြည့် အခမ်းအနားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ သမိုင်းဝင်အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ပြည်သူတစ်ရပ်လုံးကလည်း နွေးထွေးစွာ နှုတ်ခွန်းဆက်သပြီး ဆုမွန်ကောင်းများ ပို့သလိုက်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တန်းတူညီမှုရှိရေး ပိုမိုတောင့်တင်းခိုင်မာလာရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အာရှနှင့်အာဖရိက ခေါင်းဆောင်အဆက်ဆက်ကိုလည်း အထူးပင် လေးစားဂုဏ်ယူပါကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်မှုများကို ကျေးဇူးတင်လျက်ရှိနေပါကြောင်း။

အာရှ - အာဖရိကတို့အကြား ကာလရှည်ကြာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် အောင်မြင်သည့် မိတ်ဖက်ဆက်ဆံမှုကို အာရှ-အာဖရိက၏ ညီညွတ်မှု မြို့တော်ဖြစ်သည့် ဘန်ဒေါင်းမြို့တွင် လွန်ခဲ့သည့် နှစ်ပေါင်း(၆၀)က ပြုလုပ်ခဲ့သည့် အာရှ-အာဖရိက အစည်းအဝေးဖြင့် စတင်ခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။

ဒုတိယကမ္ဘာစစ်ကြီးအပြီးနှင့် စစ်အေးတိုက်ပွဲ အစပိုင်းကာလများတွင် အာရှ၊ အာဖရိကနှင့်လက်တင်အမေရိကနိုင်ငံများသည် လွတ်မြောက်ရေးလှုပ်ရှားမှုနှင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြပါကြောင်း၊ ယင်းကာလအတွင်း လွတ်လပ်ရေးရစ နိုင်ငံများ၏ တူညီထက်သန်သည့် ဆန္ဒမှာ တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုကိုအခြေခံသည့် နိုင်ငံတကာ ဆက်ဆံရေးပုံစံသစ် တည်ဆောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေးတို့ပင်ဖြစ်ပါကြောင်း။

၁၉၅၅ ခုနှစ် ဧပြီ ၂၄ ရက်တွင် ပထမအကြိမ် အာရှ-အာဖရိက အစည်းအဝေးကို ကျင်းပခဲ့ကြပါကြောင်း၊ ပထမအကြိမ် ဘန်ဒေါင်း ညီလာခံဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့သည့် နိုင်ငံငါးနိုင်ငံထဲတွင် မြန်မာနိုင်ငံကလည်း တစ်နိုင်ငံအနေဖြင့် ပါဝင်ခဲ့သည်ကို မိမိတို့အနေဖြင့် များစွာ ဂုဏ်ယူမိပါကြောင်း။

ပထမအကြိမ် ဘန်ဒေါင်းအစည်းအဝေးတွင် မိမိတို့၏ ခေါင်းဆောင်ကြီးများသည် ဘန်ဒေါင်းမူကြီးများကို မဟာဗျူဟာအမြင်ဖြင့် အချိန်နှင့်တစ်ပြေးညီ ချမှတ်ရန် ပြတ်သားစွာ ဆုံးဖြတ်ခဲ့ကြပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ အချက်(၁၀) ချက်ပါသည့် ကြေညာချက်ကို ယင်းအစည်းအဝေးတွင် အတည်ပြုခဲ့ကြပါကြောင်း၊ ယင်းမူကြီးများသည် နိုင်ငံတကာဆက်ဆံရေး ပုံစံသစ်ကို ပေးနိုင်ခဲ့ပါကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်၏ အခန်းကဏ္ဍတော်တော်များများတွင် သိသာထင်ရှားသည့် တိုးတက်မှုများကို တွေ့မြင်ခဲ့ကြရပါကြောင်း၊ တစ်ချိန်တည်းမှာပင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများသည်လည်း လွန်ခဲ့သည့်နှစ်ပေါင်း(၆၀)ထက် ပိုမိုရှုပ်ထွေးလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ကူးစက်ရောဂါများ၊ ပတ်ဝန်းကျင်ထိခိုက်မှု၊ သဘာဝဘေးအန္တရာယ်များ၊ ရေရှားပါးမှုနှင့် သဲကန္တာရ ပေါ်ထွန်းခြင်းစသည်တို့သည် အများက စိုးရိမ်ပူပန်လျက်ရှိကြသည့် ပြဿနာများဖြစ်ပြီး ပူးပေါင်းဖြေရှင်းသွားရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ခရီးသွားလုပ်ငန်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ နည်းပညာ၊ စွမ်းအင်၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်နှင့် ငါးလုပ်ငန်းစသည့် ကဏ္ဍများတွင်လည်း အာရှနှင့်အာဖရိကတိုက်ကြီးနှစ်ခုအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း။

မိမိတို့ ပြီးခဲ့သည့်နှစ်ရက်က ဂျကာတာမြို့တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုခိုင်မာရေး ခေါင်းစဉ်အောက်တွင် ၂၀၁၅ ဘန်ဒေါင်းကြေညာချက်၊ အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် ပူးပေါင်းဆောင်ရွက်မှုအား ပြန်လည်အားသစ်လောင်းသည့် ကြေညာစာတမ်းနှင့် ပါလက်စတိုင်းဆိုင်ရာ ကြေညာစာတမ်းစသည့် ကြေညာစာတမ်းသုံးခုကို အတည်ပြုခဲ့ကြပါကြောင်း။

ထို့အတူ ၁၉၅၅ ခုနှစ် အာရှ-အာဖရိက အစည်းအဝေး အပြီးသတ် ကြေညာစာတမ်းပါ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ဆိုသည့် မူဝါဒကို ဆက်လက်ထိန်းသိမ်းသွားကြရန်နှင့် ၂၀၀၅ ခုနှစ် ဧပြီလတွင် အတည်ပြုခဲ့သည့် အာရှ-အာဖရိက မိတ်ဖက်သစ် ပူးပေါင်းဆောင်ရွက်ရေး ဘန်ဒေါင်းကြေညာချက်တို့ကို ဆက်လက်လုပ်ဆောင်သွားကြရန် ထပ်လောင်း ကတိပြုခဲ့ကြပါကြောင်း။

ဘန်ဒေါင်းစိတ်ဓာတ်ဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေခံမှုများသည်လည်း အာရှ-အာဖရိကနိုင်ငံများအကြား ထိရောက်ခိုင်မာသည့် အခြေခံအုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ လေ့လာသူနိုင်ငံများကိုယ်စား ဗင်နီဇွဲလားနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဟော်ဟဲယားရစ်ဇာက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ဆွာဇီလန်ဘုရင် တတိယမြောက် ဆွာတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတ မစ္စတာဂျိုကို ဝီဒိုဒိုတို့က ဘန်ဒေါင်းကြေညာချက်ကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား ယဉ်ကျေးမှုရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အာရှ-အာဖရိကနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများအား အင်ဒိုနီးရှားနိုင်ငံသမ္မတနှင့် အနောက်ဂျာဗားမြို့တော်ဝန်တို့က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘန်ဒေါင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ည ၈ နာရီ မိနစ် ၂၀ တွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။ **(အပေါ်ဝဲပုံ)**



နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဒေါက်တာကံဇော်၊ ဦးရဲထွဋ်နှင့်တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

**✱ ရွှေဖုံးမှ**

ညှိနှိုင်းအကဲဖြတ်၍ အမှတ်ပေးမည်ဖြစ်သည်။

တတိယအဆင့်တွင် ပြိုင်ပွဲဝင်စွန်များအားလုံး၏ ရမှတ်များကို အမှတ်ပေးအဆင့်အတိုင်း အကဲဖြတ်၍ ပထမ၊ ဒုတိယ၊ တတိယ သတ်မှတ်ရွေးချယ်ဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။ စွန်အလှလွှတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ရှစ်ဦးပါဝင်ပြီး ဂဠုန်ရုပ်စွန်ဖြင့် ဦးသန်းကျော်ဌေးနှင့် ဦးအောင်မြင့်မြတ်၊ ပစ်တိုင်းထောင် ဒေါ်ဌေးဌေးအောင်၊ ဘီ-၂ ဂျက် ဦးမင်းခန့်နိုင်၊ ဆဋ္ဌဂံမီးပုံး ဦးသန်းကျော်ဌေး၊ ငါးလိပ်စွန် ဦးမြတ်အောင်၊ ဒေါင်းဦးခင်ဇော်၊ သိန်းငှက် ဦးခင်မောင်မြင့်တို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ငါးလိပ်စွန်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သူ ဦးမြတ်အောင်က"ကျွန်တော့်အဖေက နှစ်တိုင်း ငွေစွန်နဲ့ဝင်ရောက်ယှဉ်ပြိုင်နေတာပါ။ အဖေအသက်ကြီးလာတော့ ကျွန်တော်က ပထမအကြိမ် အဖေ့ကိုယ်စား လာရောက်ယှဉ်ပြိုင်တာပါ။ အချိန်ကတစ်ရက်ပဲရတော့ ငါးလိပ်စွန်ကိုပဲ နည်းပညာသုံးပြီး လေဝင် လေထွက်ပေါက်တွေနဲ့ လေနည်းရင်တောင်မှ လေထဲငြိမ်နေအောင် ပြုလုပ်ထားပါတယ်။ နောင်နှစ်ကျရင် ဒီထက်ကောင်းတဲ့ စွန်တွေနဲ့ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်"ဟု ပြောသည်။

မြန်မာ့ရိုးရာ တစ်ဦးချင်းစွန်ဖြတ်ပြိုင်ပွဲ၊ အသင်းလိုက်ပြိုင်ပွဲနှင့် စွန်အလှပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို မေ ၂၆ ရက်တွင် ကျင်းပပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**● ကျောဖုံးမှ**

**မြန်မာယူ-၂၃အသင်း-ခုနစ်ဂိုး**
**မြန်မာယူ-၁၈ အသင်း-တစ်ဂိုး**

မြန်မာယူ-၂၃ အသင်း၏ ဆီးဂိမ်းမတိုင်မီ ပထမဆုံးကစားသည့် ခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယူ-၁၈ အသင်းမှာ မြန်မာယူ-၂၃ အသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိသလို အမှားများခဲ့သောကြောင့် ဂိုးပြတ်ရှုံးသွားရခြင်းဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး တောင်ပံကစားသမား အောင်ကျော်နိုင်က ဟက်ထရစ်သွင်းကာ နေလင်းထွန်းက တစ်ဂိုးသွင်းယူခဲ့သောကြောင့် ပထမပိုင်းတွင် လေးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် ယူ-၂၃ အသင်းမှာ ကစားသမားအချို့ပြောင်းလဲခဲ့သော်လည်း ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ယူ-၂၃ အသင်းအတွက် အနိုင်ဂိုးများကို သီဟဇော်က နှစ်ဂိုးနှင့် ရှိုင်းသူရက တစ်ဂိုးတို့ ထပ်မံသွင်းယူခဲ့ပြီး ယူ-၁၈ အသင်းအတွက် ချေပဂိုး တစ်ဂိုးကို ဟိန်းဖြိုးဝင်းက သွင်းယူပေးခဲ့သည်။

ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး လက်ရှိတွင် MNL လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ **သတင်း၊ ဓာတ်ပုံ-ချစ်ကိုကို**

# အင်းလေးဖောင်တော်ဦးဘုရားဝန်းကျင် ရေများသည့်အတွက် ဘုရားဖူးစက်လှေများဖြင့် စည်ကားလျက်ရှိ

**တောင်ကြီး မေ ၂၄**

ညောင်ရွှေမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့သည် မေ ၂၄ ရက် နံနက်က အင်းလေးကန်ရေတည်ရှိမှုအခြေအနေကို ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးခဲ့ပြီး အင်းလေးကန်အတွင်း ထင်ရှားသော အင်းလေးကန်ဖောင်တော်ဦး ဘုရားသို့ သွားရာရေလမ်းကြောင်း၊ အလိုတော်ပေါက်ဘုရားသို့ သွားရာရေလမ်းကြောင်း၊ အင်းပေါခုံ ရက်ကန်းရုံသို့လှေလာရာ ရေလမ်းကြောင်းတို့မှာ ယခုအခါ ရေများစွာရှိပြီး သွားလာရေးအဆင်ပြေလျက်ရှိသည်ကို တွေ့ရသည်။

အင်းလေးဖောင်တော်ဦးဘုရား၏ စောင်းတန်းစက်လှေဆိပ်ထိ ရေများရောက်ရှိလျက်ရှိပြီး ယနေ့တွင် စက်လှေအစင်း ၅၀ ခန့်၊ ဘုရားဖူးဧည့်သည် ၆၀၀ ခန့်ရှိပြီး ဘုရားဖူးများနှင့် စည်ကားလျက်ရှိကြောင်း၊ အလိုတော်ပေါက်ဘုရားနှင့် အင်းပေါခုံကျေးရွာ ရက်ကန်းရုံသို့ သွားရောက်လေ့လာလျက်ရှိကြောင်း၊ အင်းလေးကန်ကမ်းစပ်အတွင်းပိုင်း ကျရောက်သော ကျေးရွာအနည်းငယ်သာလျှင် ယခင်နှစ် မိုးရွာသွန်းမှုနည်းပါးခြင်း၊ ယခုနှစ်နွေရာသီပူပြင်းခြင်း၊ ခရမ်းလွန်ရောင်ခြည်လွန်ကဲခြင်းတို့ရှိခဲ့ပြီး ရေနည်းပါးချိန်ဖြစ်၍ သွားလာမှုအနည်းငယ် ခက်ခဲလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေခဲတောင်ဒေသတိုင်းရင်းသားကျေးရွာများတွင် သဘာဝခေါ်သံဖောင်ဒေးရှင်းက လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်



တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ ကျန်းမာရေးနှင့် လူမှုကူညီရေး တောင်တက်ခရီးကြမ်းအဖွဲ့သည် ကချင်ပြည်နယ် ခါကာဘိုရာဇီတောင်သို့ တက်ရာလမ်းကြောင်းတစ်လျှောက် ပူတာအိုခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာ ၁၅ ရွာနှင့် စခန်း သုံးခုရှိ လီဆူး၊ ရဝမ်၊မြန်မာတိဗက်၊ ဂျိမ်းဖော စသည့် တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ခြေလျင်တောင်တက်အသင်းရဲ့ ရည်ရွယ်ချက်ထဲမှာပါတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အကောင်အထည်ဖော်တဲ့အနေနဲ့ရော ၂၀၁၄ ခုနှစ်က နှစ်(၁၀၀) ပြည့်သွားတဲ့ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ကို ဦးဆောင်ခဲ့တဲ့ ဗိုလ်မှူးကြီးလှအောင်ရဲ့ မွေးနေ့၊ နောက်ပြီး ပျောက်ဆုံးသွားတဲ့ ကိုအောင်မြင့်မြတ်နဲ့ ကိုဝေယံမင်းသူတို့ကို ဝိုင်းဝန်းကူညီရှာပေးတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ဆေးကုသပေးချင်လို့ပါ" ဟု သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်က ပြောသည်။

ဒေသခံ တိုင်းရင်းသားများအား ဆေးဝါးစောင့်ရှောက်မှုပေးရာတွင် ဘာသာစကား အခက်အခဲမှလွဲ၍ မည်သည့်အခက်အခဲမျှမရှိကြောင်းနှင့် လိုလိုလားလား ဆေးဝါးကုသမှုခံယူကြကြောင်း သိရသည်။

"ပူတာအိုမှာ သွားဆရာဝန်လုံးဝမရှိဘူး။ ကျွန်တော်တို့အဖွဲ့မှာ ဆရာဝန်သုံးယောက်ပါပါတယ်။ ဆေးဝါးကျွမ်းကျင်အဖွဲ့တွေ၊ သူနာပြုတွေနဲ့ အားလုံးပေါင်း ၁၁ ယောက်က ဆေးဝါးကုသပေးတာပါ။ အခက်အခဲ မရှိပါဘူး၊ အသက်ကြီးတဲ့ တိုင်းရင်းသားတွေပဲ စကားပြန်ကူရပါတယ်။ ရွာတွေက သူတို့ကို အခုလို လာပြီးဆေးကုပေးမယ်ဆိုတာ တစ်ခါမျှ မျှော်လင့်မထားပုံမရဘူး"ဟု ဦးမျိုးသန့်က ဆိုသည်။

ပူတာအိုခရိုင်အတွင်းရှိ တိုင်းရင်းသားကျေးရွာများတွင် အိမ်ခြေအများဆုံး ၄၀ ခန့်သာရှိပြီး အချို့ကျေးရွာများမှာ အိမ်ခြေအလွန်နည်းပါးကြောင်း သိရသည်။ ဂျိမ်းဖော၊ လီဆူး၊ ရှမ်း၊ ရဝမ်၊ တိဗက် စသည့် လူမျိုးပေါင်းစုံနေထိုင်ကြပြီး ပူတာအိုမြောက်ပိုင်းရှိ ကျေးရွာအများစုမှာ ရဝမ်များဖြစ်ပြီး ရဝမ်များတွင် မျိုးနွယ်စုခြောက်ခုခန့်ရှိကာ မျိုးနွယ်ခွဲများလည်းရှိသေးကြောင်း သိရသည့်အပြင် လီဆူးရွာများလည်းရှိကြောင်း သိရသည်။

ထို့ပြင် အဆိုပါဒေသတွင် ပညာရေးကဏ္ဍအနေဖြင့် များစွာဖွံ့ဖြိုးမှု နောက်ကျနေသေးကြောင်းနှင့် ရဝမ်ရွာနှင့် တိဗက်ရွာများရှိ ဒေသခံများက ၎င်းတို့၏ သားသမီးများကို နောင်မွန်ရွာ၊ ပူတာအိုမြို့များရှိ ကျောင်းများသို့ ပို့၍ ပညာသင်ကြားစေခြင်းနှင့် ပတ်သက်၍ "လမ်းပန်းဆက်သွယ်ရေးခက်တဲ့နေရာ၊ စားနပ်ရိက္ခာရှားပါးတဲ့ နေရာဆိုတော့ မူလတန်းကျောင်းရှိပေမယ့် ဆရာကမရှိဘူးဖြစ်နေတယ်။ ဒါကို အပြစ်တင်လို့မရဘူး။ လူးတို့ဆပ်တို့ တောက်လျှောက်စားပြီးနေဖို့က မလွယ်ဘူးလေ။ ဒါပေမယ့် ပညာရေးကို လိုလားကြတော့ မြို့ပေါ်ထိကျောင်းထားကြတယ်"ဟု ဦးမျိုးသန့်က သုံးသပ်သည်။

တောင်တက်ခရီးကြမ်းအဖွဲ့သည် ပူတာအိုခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူ ၅၀၀ ခန့်အား အထွေထွေရောဂါများ ကုသပေးခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည့်အပြင် ကျေးရွာများအတွက် လူမှုရေးနှင့် ပညာရေးရန်ပုံငွေများ လှူဒါန်းခြင်း၊ ခရစ်ယာန်ကျေးရွာများအတွက် ဘုရားကျောင်းရန်ပုံငွေများ၊ ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် ပူတာအိုမြို့နာရေးကူညီမှုအသင်းသို့လည်း အလှူငွေများ လှူဒါန်းခဲ့ကာ မြန်မာတိဗက်ဗုဒ္ဓဘာသာဝင်များ နေထိုင်သည့် ဂူဘားရွာ၊ မဒိန်းရွာ၊ တအွန်ဒန်းရွာများတွင် စေတီတော်များ တည်ထားကိုးကွယ်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိရွာများသို့ အသွားအပြန် မိုင် ၁၇၀ ကျော် ခြေလျင် တောင်တက်ခရီးကြမ်းကို ကြိုးတံတားများ၊ ချောင်းများ၊ လျှိုမြောင်များအား မိုးရွာသွန်းနေသည့်ကြားမှ ကျော်ဖြတ်၍ လူမှုအကျိုးပြုလုပ်ငန်းများကို မတ် ၇ ရက်မှစတင်၍ မေ ၁၁ ရက်အထိ လုပ်ဆောင်ခဲ့သည့် ကျန်းမာရေးနှင့် လူမှုကူညီရေး တောင်တက်ခရီးကြမ်းအဖွဲ့ကို ဦးဆောင်ခဲ့သူများမှာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း နာယက ပါမောက္ခသမားတော်ကြီး ဒေါက်တာဒေါ်ခင်မေအုန်း (မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက) နှင့် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်တို့ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**
**ဓာတ်ပုံ-သဘာဝခေါ်သံ**

# မော်ကျွန်း-မဟာဗန္ဓုလရေယာဉ် ရန်ကုန်-တွံတေး ရှစ်မိုင်ခွဲတွင် သဲမုန်တိုင်းတိုက်ခတ်ခံရသော်လည်း ခရီးသည်များ ဘေးအန္တရာယ်မှကင်းလွတ်

**မော်လမြိုင်ကျွန်း မေ ၂၄**

ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းသို့ မေ ၂၃ ရက် ညနေ ၄ နာရီခွဲက ထွက်ခွာလာသော မဟာဗန္ဓုလ ပုဂ္ဂလိကနှစ်ထပ်ရေယာဉ်သည် ညနေ ၅ နာရီ ၄၅ မိနစ်က ရန်ကုန်-တွံတေးတူးမြောင်းအတွင်း ရှစ်မိုင်ခွဲအရောက်တွင် ရုတ်တရက် သဲမုန်တိုင်းကျရောက်တိုက်ခတ်ခံခဲ့ရသည်။

ယင်းသဲမုန်တိုင်း တိုက်ခတ်လျှင် တိုက်ခတ်ခြင်း ရေယာဉ်ပေါ်ပါခရီးသည် ၇၄ ဦးတို့ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ရေယာဉ်ဝန်ထမ်းများက ခရီးသည်များအား အသက်ကယ်အကျႌများ ဝတ်ဆင်စေပြီး အသက်ကယ်ဗောများ အသင့်ပြင်ဆင်ထားခဲ့သည်။

သဲမုန်တိုင်းမှာ ညနေ ၅ နာရီ ၄၅ မိနစ်မှ ညနေ ၆ နာရီ ၀၅ မိနစ်အထိ မိနစ် ၂၀ ကြာ သဲရောလေပါ တရစပ်တိုက်ခတ်ခဲ့မှုကြောင့် ခရီးသည်များ၏ မျက်စိ၊ နားနှင့် ပါးစပ်များအတွင်းသို့ သဲများ ဝင်ရောက်ခဲ့သည်။

ယင်းမဟာဗန္ဓုလရေယာဉ်သည် သဲမုန်တိုင်းမှ သက်သာမှုရရှိစေရန် ရေယာဉ်ညာဘက်ခြမ်း ချွန်းထိပ်သစ်ပင်တစ်ပင် အနီးသို့ ရေယာဉ်ကိုထိန်းသိမ်းမောင်းနှင်ပြီး ရေယာဉ်ခေတ္တရပ်နားခဲ့သည်။

"သဲမုန်တိုင်းလို့တော့ ပြောရမှာပဲ။ သဲရောလေပါ ခပ်ပြင်းပြင်းတိုက်ခတ်ခဲ့တာ ပတ်ဝန်းကျင်တစ်ခုလုံး သဲသဲကွဲကွဲ မမြင်ရဘူး။ သဲမုန်တိုင်းက မိနစ် ၂၀ လောက်တိုက်ခတ်ခဲ့တာ။ ရေယာဉ်မတိမ်းမှောက်ရေးနဲ့ ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိရေးကို ကျွန်တော်တို့ ရေယာဉ်ဝန်ထမ်းတွေ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ခရီးသည်အားလုံးကိုလည်း အသက်ကယ်အကျႌဝတ်ပြီး ငြိမ်သက်စွာထိုင်နေကြဖို့ မှာကြားရပါတယ်"ဟု မဟာဗန္ဓုလရေယာဉ်ဝန်ထမ်းများဖြစ်သည့် ဦးဇော်ဦးနှင့် ဦးမင်းဇော်တို့က ပြောသည်။

ယင်းမဟာဗန္ဓုလရေယာဉ်သည် တစ်နာရီခန့် ရပ်နားပြီးနောက် တွံတေးတူးမြောင်း ရှစ်မိုင်ခွဲမှ မော်လမြိုင်ကျွန်းမြို့သို့ ပြန်လည်ခုတ်မောင်းခဲ့ရာ မေ ၂၄ရက် နံနက် ၄နာရီခွဲတွင် မော်လမြိုင်ကျွန်းမြို့ဆိပ်ကမ်းသို့ ဘေးကင်းလုံခြုံစွာ ဆိုက်ကပ်ခဲ့သည်။

**(မော်ကျွန်းမြင့်အောင်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ခုံးကျော်တံတားများ တည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတား(ပြည်လမ်းတစ်လျှောက်-၄ လမ်းသွား)

(ခ) ဗဟန်းမြို့နယ် ကုက္ကိုင်းလမ်းဆုံ ခုံးကျော်တံတား(ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်-၄ လမ်းသွား)

(၂) တံတားဒီဇိုင်းတင်ပြရာတွင် အောက်ပါအချက်အလက်များနှင့်ကိုက်ညီရမည်-

(က) Minimum Lane Width-3~3.25 m

(ခ) Vertical Clearance-4.9m(16ft)

(ဂ) Maximum Vertical Gradient-5%

(ဃ) Movable Design Load-75 Ton(AASHTO-HS-25)

(င) Minimum Design Speed-50km/hr

(၃) တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား တံတားတစ်ခုချင်းစီအလိုက် သီးခြားစီချိပ်ပိတ်လျက် ၂၅-၅-၂၀၁၅ ရက် (သောကြာနေ့)၊ (၁၆း၀၀)နာရီ နောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ၃၀-၄-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့်ကိုက်ညီသည့် ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်(ရုံးချိန်အတွင်း)လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

**☆ ကမ္ဘာ့ဘဏ်မှ**

အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိမည်ဖြစ်သည့်အပြင် နည်းပညာအထောက်အပံ့တွင်လည်း အမေရိကန်ဒေါ်လာ သန်း ၂၀ ရရှိမည်ဖြစ်ပြီး အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ၁၉၈၄ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံအတွက် ပထမဆုံးသော မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုလည်းဖြစ်သည်။ ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍဆိုင်ရာ ကောင်းမွန်သည့် စီးပွားရေးအသိုက်အဝန်းဖန်တီးခြင်းဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ အကူအညီပေးရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။ **(နိုင်လင်းကြည်)**





# နေပြည်တော်ကောင်စီနယ်မြေ တရားစခန်းသိမ်းအောင်ပွဲကျင်းပ

**နေပြည်တော် မေ ၂၄**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ သာသနဟိတရေအသင်း၏ စီစဉ်ပေးမှုဖြင့် ပြည်သူများ ဝိပဿနာ တရားတော်များကို စိတ်အေးချမ်းသာစွာ ကျင့်ကြံအားထုတ်နိုင်ရန် (၁၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သတ္တသတ္တာဟတရားစခန်း၌ပြုလုပ်ရာ နေပြည်တော် ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် နေပြည်တော်တိုင်း သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ လယ်တီကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တက္ကန္ဓာဝုဓ အရှင်သူမြတ်အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ တရားစခန်းဝင်အမျိုးသား၊ အမျိုးသမီး ယောဂီများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များအတွက် အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အလှူတော်ငွေများ၊ တရားစခန်းဖြစ်မြောက်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ သတ္တသတ္တာဟတရားစခန်းတွင် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ၂၀၁၅ ခုနှစ် ဧပြီ ၁၁ ရက်မှ ယနေ့အထိ လယ်တီဝိပဿနာ (၇) ရက်တရားစခန်း နှစ်ကြိမ်ဖွင့်လှစ်ခဲ့ရာ (၁၀)ကြိမ်မြောက် (၇)ရက် တရားစခန်းတွင် ဝန်ထမ်းနှင့် မိသားစုယောဂီ ၂၂၁ ဦး၊ ဒေသခံ ယောဂီ ၅၂ ဦး စုစုပေါင်း ယောဂီ ၂၇၃ ဦး၊ (၁၁)ကြိမ်မြောက် တရားစခန်းတွင် ဝန်ထမ်းနှင့်မိသားစုယောဂီ ၂၀၄ ဦး၊ ဒေသခံယောဂီ ၆၆ ဦး စုစုပေါင်း ယောဂီ ၂၇၀ ဝင်ရောက် တရားအားထုတ်ကြကြောင်း၊ ၂၀၁၂ ခုနှစ် ဧပြီလ မဟာသင်္ကြန်ကာလမှစတင်ပြီး သတ္တသတ္တာဟ တရားစခန်းတွင် လယ်တီ ဝိပဿနာတရားစခန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့ရာ ယခု (၁၁)ကြိမ်မြောက်အထိ ဝန်ထမ်းနှင့် မိသားစုဝင်များ၊ ဒေသခံယောဂီများ ၂၂၉၆ ဦး ဝိပဿနာတရားများ ကျင့်ကြံအားထုတ်နိုင်ခဲ့ကြောင်း၊ သာသနဟိတရေအသင်း၏ ဦးဆောင်မှုဖြင့် စေတနာရှင်အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် နေထိုင်စားသောက်မှုများကို စီစဉ်ပေးခဲ့ပြီး တည်ထားပြီးဖြစ်သည့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနကိုလည်း ကြည်ညိုဖူးမြော်နိုင်ရေးပါ ဆောင်ရွက်ပေးခဲ့သဖြင့် ယောဂီများအနေဖြင့် စိတ်အေးချမ်းသာစွာ ဝိပဿနာတရားတော်များကို ကျင့်ကြံအားထုတ်နိုင်ခဲ့ကြောင်း သိရသည်။ **(၁၀၇)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်များကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၅-၄-၂၀၁၅) ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ အလုံ၊ မရမ်းကုန်း၊ လမ်းမတော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၆း၀၀) နာရီအတွင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ (၂၅-၄-၂၀၁၅) ဒဂုံ(အရှေ့)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ လမ်းမတော်၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀)နာရီမှ (၁၄း၀၀)နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ် တောင်းပန်ပါကြောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့အသိပေး ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# ရန်ကုန်မြို့တစ်ခွင် မီးဘေးအန္တရာယ်ကင်းဝင်စေဖို့

ဝင်းဝင်းမော်

**နွေရာသီတွင်ကြုံရတတ်သည့် အကြီးမားဆုံး တောဝါတစ်ခုက အဂ္ဂိတောဝါတည်းဟူသော မီးဘေးအန္တရာယ်ပင်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှုကြီးများမဖြစ်ပေါ်စေရေး ပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းများ၊ စက်ရုံ၊ အလုပ်ရုံနှင့် နိုင်ငံတော်ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးနှင့် မီးလောင်မှုဖြစ်ပွားပါက လျင်မြန်ထိရောက်စွာ စနစ်တကျမီးငြိမ်းသတ်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်မည် စသည်နှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် ရန်ကုန်မြို့အတွင်းမှာရှိတဲ့ အမြင့်ဆုံးအဆောက်အအုံ ရှစ်နေရာမှာ စီစီတီဗွီကင်မရာ ရှစ်လုံး တပ်ဆင်ထားပြီး မီးလောင်မှုအန္တရာယ်ဖြစ်ပွားရင် အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနချုပ် COMMON AND CONTROL CENTER က ၂၄ နာရီစောင့်ကြည့်လျက်ရှိပြီး မီးလောင်မှုဖြစ်ပွားရင် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်အတွင်းမှာ မြို့နယ်မီးသတ်စခန်း ၃၅ ခု၊ နယ်မြေမီးသတ်စခန်း ၁၁ခု ရှိပါတယ်။ သန္နွေမီးသတ်တပ်ဖွဲ့ဝင်၊ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၆၇၉ ဦးရှိပါတယ်။ အရန်မီးသတ်တပ်ဖွဲ့ဝင်ကတော့ အင်အားနှစ်သောင်းကျော်ရှိပါတယ်။ မြို့နယ်၊ နယ်မြေမီးသတ်စခန်းများရှိ စက်၊ ယာဉ်အင်အား အခြေအနေက မီးငြိမ်းသတ်ယာဉ် ၁၀၃ စီး၊ ရေသယ်ယာဉ် ၂၃ စီး၊ အထောက်အကူပြုယာဉ် ၁၆ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ်ငါးစီး၊ အပေါ့စားစက် ၇၆ လုံး ထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ပွင့်လင်းရာသီတွေမှာ သန္နွေနဲ့ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းမျိုးကို အဓိကထားဆောင်ရွက်နေပါတယ်။ ရေရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးထားတဲ့ မြေအောက်ရေပိုက်ခေါင်းတွေ ရေအားကောင်းမွန်ရေး၊ သဘာဝရေကန်တွေက အမှန်တကယ်ရေရရှိရေး၊ မီးသတ်ကန်တွေက အလွယ်တကူရေရရှိရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အလွယ်တကူ သယ်ယူပြီးမီးငြိမ်းသတ်နိုင်တဲ့ အပေါ့စား မီးသတ်စက်တွေ၊ မီးသတ်ယာဉ်တွေ အဆင့်မြင့်မီးငြိမ်းသတ်ရေးကိရိယာတွေ၊ ပိုက်လိပ်၊ ပိုက်ခေါင်းတွေ အသက်ရှူကိရိယာတွေကို ပြည်ထောင်စုဘတ်ဂျက်က တစ်နိုင်ငံလုံးဖြန့်သလို တိုင်းဒေသကြီးဘတ်ဂျက်ကလည်း သူ့အစီအစဉ်နဲ့သူ ဝယ်ယူပေးထားမှုတွေရှိပါတယ်။ ပြည်သူလူထုနဲ့ အဖွဲ့အစည်းတွေက လှူဒါန်းထားတဲ့ အပေါ့စားမီးသတ်စက် ၆၆ လုံးလည်း အလှူခံရရှိထားပြီးဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ အရင်က မီးငြိမ်းသတ်ယာဉ် ၁၃၀၀ ကျော်ကနေ အခု ၂၆၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရဲ့ လမ်းညွှန်ချက်အရ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တွေမှာ အိမ်တိုင်း မီးသတ်ဆေးဘူးများထားရှိနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ သက်ဆိုင်ရာ အိမ်ပိုင်ရှင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မီးသတ်ဦးစီးမှူးတွေရဲ့ စုပေါင်းပံ့ပိုးမှုနဲ့ ဆောင်ရွက်ပေးမယ့် အစီအစဉ်ကို အခုနှစ်အတွင်း စီစဉ်နေပါတယ်။ လတ်တလော သာကေတမြို့နယ်အတွင်းမှာ အဲဒီစီမံချက်ကို စတင်နေပါပြီ။

**မေး။ ဘယ်လိုအခြေအနေမျိုးတွေက မီးဘေးအန္တရာယ်ကို ဖြစ်ပေါ်စေပါသလဲ။**

ဖြေ။ ဆင်ခြေဖုံးမြို့နယ်/ရပ်ကွက်/ကျေးရွာတွေမှာ အိမ်အများစုက မီးလောင်လွယ်တဲ့ သက်ငယ်၊ ဝါး၊ ဓနိ စတာတွေနဲ့ တည်ဆောက်ထားခြင်း၊ လူတစ်ဦးတစ်ယောက်ရဲ့ ပေါ့ဆမှုကြောင့်ဖြစ်တဲ့ လမ်းသွားရင်း ဆေးလိပ်တိုမီးအမှတ်တမဲ့ စွန့်ပစ်ခြင်း၊ ဘုရားမီးပူဇော်စဉ် အမှတ်တမဲ့ ချန်ထားခဲ့တဲ့ ဖယောင်းတိုင်၊ အမွှေးတိုင်စတာတွေနဲ့ ကျောင်းသား ကျောင်းသူ၊ လူငယ်တွေ၊ အိပ်ရာ၊ ခြင်ထောင်တွေနားမှာ ဖယောင်းတိုင်၊ မီးခွက်စတာတွေနဲ့ စာကြည့်ရာကဖြစ်စေ၊ ထမင်း/ဟင်းချက်ပြုတ်ပြီး မီးဖို၊ မီးကွင်း မီးကျန်ထားရှိရာကဖြစ်စေ၊ မီးဖိုအနီးလောင်စာဆီများ ထားရှိအသုံးပြုရာကဖြစ်စေ၊ လျှပ်စစ်မီးသုံးစွဲရာမှာ မီးခလုတ်နဲ့မီးကြိုးခွေတွေ ဆွေးမြည့်ခြင်း၊ ဓာတ်အားပိုသုံးခြင်းက လျှပ်စစ်ပစ္စည်းတွေ ချွတ်ယွင်းပြီး အပူလွန်ကဲရာက ဖြစ်စေ၊ မသမာသူတွေက တမင်မီးရှို့မှုကြောင့် မီးလောင်နိုင်ခြင်းနဲ့ မီးလောင်လွယ်တဲ့ စပါး၊ ဖွဲနု၊ ကောက်ရိုးစတဲ့ ပစ္စည်းတွေ သိုလှောင်ထားစဉ် စနစ်တကျမရှိတဲ့အတွက် အလိုအလျောက် မီးလောင်နိုင်ခြင်း၊ တောမီးကတစ်ဆင့် မြို့ရွာများသို့ ကူးစက်လောင်နိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်တွေမှာ အသုံးပြုတဲ့ မီးစက်တွေကို စနစ်တကျဆီဖြည့်တင်းမှုမပြုတဲ့အတွက် မီးလောင်နိုင်ခြင်း အခြေအနေတွေပဲဖြစ်ပါတယ်။ မီးဘေးစိုးရိမ်ရတဲ့ မြို့နယ်တွေကတော့ အင်းစိန်၊ မြောက်ဥက္ကလာပ၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရွှေပြည်သာ၊ လှိုင်သာယာတို့ဖြစ်ပါတယ်။ ဒါ့အပြင် စက်မှုဇုန်တွေမှာရှိတဲ့ စက်ရုံ/အလုပ်ရုံတွေမှာ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲမှု၊ စက်ရုံသုံး ကုန်ကြမ်း/ကုန်ချောတွေကို စနစ်တကျ သိုလှောင်မှုမရှိခြင်းတို့ကြောင့် မီးဘေးစိုးရိမ်ရတဲ့ စက်ရုံ/အလုပ်ရုံတွေရှိပါတယ်။



**ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်း။**

**မေး။ ပြည်သူတွေကို အကြံပြုပြောကြားချက်တွေရှိရင် သိချင်ပါတယ်။**

ဖြေ။ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကိုလည်း ပြည်သူတွေအနေနဲ့ ကြိုတင်ဆောင်ရွက်ထားစေချင်ပါတယ်။ မီးသတ်ဦးစီးဌာနအနေနဲ့ မီးသတိမူရေးအပိုင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်မှုအပိုင်းဆိုပြီး ရှိတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့အိမ်၊ စီးပွားရေးလုပ်ငန်း ဘယ်နေရာတွေက မီးအန္တရာယ် စတင်နိုင်တယ်ဆိုတာ သတိမူပြီး မြင်အောင်ကြည့်စေချင်တယ်။ မီးသတ်ဆေးဘူးတွေ၊ မီးသတ်ပစ္စည်းကိရိယာတွေ ပြည့်ပြည့်စုံစုံနဲ့ စနစ်တကျထားရှိစေဖို့ အကြံပြုချင်ပါတယ်။ ကျွန်တော် လုပ်ငန်းခွင်အချို့မှာ မြင်တွေ့တာက မီးသတ် ဆေးဘူးတွေကို စက်ရုံအလုပ်ရုံတွေမှာ ဌာနရဲ့လိုအပ်ချက် အရသာ ထားရှိပြီး တကယ်တမ်းအရေးပေါ်အခြေအနေနဲ့ ကြုံတွေ့တဲ့အခါ စနစ်တကျ ကိုင်တွယ်အသုံးပြုနိုင်တာ မတွေ့ရဘူး။ ကိုယ်တိုင်လည်း စစ်ဆေးပါ။ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနရဲ့ စစ်ဆေးမှုကိုလည်း ခံယူပါလို့ပြောချင်တယ်။

မီးသတ်ဦးစီးဌာနအနေနဲ့ ရပ်ကွက်၊ ကျေးရွာတွေမှ သန္နွေမီးသတ်တပ်ဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေက မီးဘေးကြိုတင်ကာကွယ်ရေးအပိုင်းကို ဆောင်ရွက်တဲ့အခါ ပြည်သူလူထုအနေနဲ့ ဆောင်ရွက်နေတဲ့အပိုင်းကို နားလည်သဘောပေါက်ပြီး ကူညီဆောင်ရွက်ပေးဖို့ပြောချင်ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ အကြံပြုချက်တွေကို လိုက်နာပါလို့ တိုက်တွန်းချင်ပါတယ်။ မီးလောင်မှုဖြစ်ပွားလို့ မီးငြိမ်းသတ်တဲ့အခါမှာလည်း မီးလောင်မှုဖြစ်ပြီဆိုရင် မီးလောင်ပြင်က ပွဲကြီးတစ်ခုလို ပြည်သူလူထုတွေ ဝိုင်းအုံကြည့်နေတဲ့အတွက် မီးသတ်ယာဉ်တွေ အဝင်/အထွက် အနှောင့်အယှက်ဖြစ်ကြတယ်။ ဒီလိုအချိန်မှာ ပြည်သူလူထုကို ပြောချင်တာက မီးသတ်ယာဉ်တွေလာရင် အဝင်/အထွက်လမ်းတွေကို အတတ်နိုင်ဆုံးရှင်းပေးပါ။ မီးလောင်တဲ့နေရာကို အနီးစပ်ဆုံးသွားနိုင်အောင် ပြသပေးပါ။ မီးငြိမ်းသတ်တဲ့အခါမှာလည်း မီးသတ်ဦးစီးဌာနအနေနဲ့ လိုအပ်ချက်တွေရှိရင် ကူညီဆောင်ရွက်ပေးပါ။ ရေရရှိရေးအတွက် အနီးစပ်ဆုံးနေရာကို လမ်းညွှန်ပေးပါလို့ ပြည်သူလူထုကို အကြံပြုချင်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ်တွင် မီးလောင်မှု(၂၃၅)ကြိမ်ဖြစ်ပွားခဲ့သည့်အနက် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၃၇၇၃၉၉၂၀၀၊ ၂၀၁၄ ခုနှစ်အတွင်း မီးလောင်မှု(၂၆၆)ကြိမ်ဖြစ်ပွားခဲ့သည့်အနက် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၃၂၈၇၈၂၃၀၀၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ မီးလောင်မှု (၉၉)ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၉၉၆၅၀၀၀၀ ရှိခဲ့ကြောင်း သိရသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ဝန်းသိုမြို့နယ်**

ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာရှိ နေအိမ်အတွင်းမှ ဘိန်းဖြူ ၂ ဒသမ ၁၁ ဂရမ် သိမ်းဆည်းရမိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ၂၂ရက် ညနေ ၆ နာရီခွဲက ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းစခန်းမှူး ဒုရဲအုပ်သန်းဝေဦးနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာ ဘူတာစုရပ်နေ မြင့်ဆွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင်မြင့်ဆွေနှင့် ကျော်မျိုးသူတို့နှစ်ဦးအား တွေ့ရှိရပြီး မြင့်ဆွေ၏ ယာဘက်ခါးကြားမှ ပင်နီဆီလင်ပုလင်းဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် သုည ဒသမ၂၄ ဂရမ်ခန့် တွေ့ရှိရကြောင်း သိရသည်။

ဆက်လက်ရှာဖွေရာ နေအိမ်ဘေးရေအိုးကြားမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် သုည ဒသမ၂၄ ဂရမ်၊ နေအိမ်မြောက်ဘက်ဘေး ခြံဝင်းအတွင်းမှ အဖုံးအကာပါသော အနက်ရောင် ပလတ်စတစ်ပုံး အတွင်းရှိ အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းမှ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် သုည ဒသမ ၂၀ ဂရမ် ခန့်၊ ပင်နီဆီလင်ပုလင်းဖြင့်ထည့်လျက်ဘိန်းဖြူဟုယူဆရသော ဖြူဝါရောင်အမှုန့်အလေးချိန် သုည ဒသမ ၂၀ ဂရမ်ခန့်စီပါ ပုလင်းသုံးလုံး၊ ပင်နီဆီလင် ပုလင်းဖြင့်ထည့်လျက်ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်အမှုန့် အလေးချိန် သုည ဒသမ ၁၁ ဂရမ်ခန့်စီပါ ပုလင်းကိုးလုံး စုစုပေါင်းဘိန်းဖြူအလေးချိန် ၂ ဒသမ ၁၁ ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မြင့်ဆွေနှင့် ကျော်မျိုးသူတို့ နှစ်ဦးအား အရေးယူပေးပါရန် ဒုရဲအုပ်သန်းဝေဦးက တရားလိုပြုလုပ် တိုင်တန်းသဖြင့် မြင့်ဆွေ(၅၅)နှစ် ကျပန်း ဘူတာစုရပ် နမ်းမားရွာဝန်းသိုမြို့နယ် နေသူနှင့် ကျော်မျိုးသူ(၂၉)နှစ် ကျပန်း ဘူတာစုရပ် နမ်းမားကျေးရွာ နေသူတို့အား ဝန်းသိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

**(ရန်နောင်-ကသာ)**

**လားရှိုး**

ဧပြီ ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်တွင် ကျောက်မဲမှ နောင်ချိုသို့ စိုင်းအောင်ပန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ လေစစ်ဘူးအတွင်း လျှို့ဝှက်သယ်ဆောင်လာသည့် ကော်ဘူးသုံးဘူးအတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၀၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၊ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်လျက် ဘိန်းစိမ်း သုည ဒသမ ၁ ကီလိုနှင့် ထိုင်ခုံအတွင်းမှ သံဘူးငါးဘူးဖြင့် ထည့်လျက် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို စုစုပေါင်း ဘိန်းစိမ်း ၁ ဒသမ ၆ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းအောင်ပန်း (၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြစ်ကြီးနား**

ဧပြီ ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်ဆန်ကျေးရွာ ရပ်ကွက်(၄)နေ ကျော်မျိုးအောင်၏နေအိမ်ကို ရှာဖွေရာ အိမ်ခေါင်းရင်း ကြမ်းခင်းအောက်ရှိ မြေကြီးပေါ်မှ ကြွပ်ကြွပ်အိတ်အတွင်း ပင်နီဆလင်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၀၁၈ ကီလိုနှင့် ခြံဝင်းအတွင်းရှိ အိမ်သာတံခါး ရွက်ကြားမှ စိတ်ကြွရူးသွပ် ဆေးပြား ၇၀၊ အိမ်သာရှေ့မြေကြီးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးပြား ၁၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်မျိုးအောင် (၂၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မောက်မယ်**

ဧပြီ ၁၉ ရက်က မောက်မယ် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့နယ် မိုက်ဟိုင်းကျေးရွာအုပ်စု ဆိုက်ဖယ်ကျေးရွာနေ ဒေါ်ပါနို၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအိပ်ရာပေါ်ရှိ ပလတ်စတစ်ဘူးအတွင်းမှ ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ ပြားနှင့် မြန်မာငွေ ၃၄၀၀၀ ကျပ်တို့ကို သိမ်းဆည်းရမိသဖြင့် ဒေါ်ပါနို (၇၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



စိုင်းအောင်ပန်းအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုးလေဝသအခြေအနေ

**ဧပြီ ၂၄ ရက် နေ့အပူချိန်များ**

| တိုင်းဒေသကြီးနှင့် ပြည်နယ် | အမြင့်ဆုံး | အနိမ့်ဆုံး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက် | ၃၂°C | ၂၀°C |
| ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် | ၃၇°C | ၂၂°C |
| မန္တလေးမြို့နှင့် အနီးတစ်ဝိုက် | ၃၁°C | ၂၀°C |
| ပဲခူးတိုင်းဒေသကြီး | ၃၈°C | ၂၀°C |
| ချင်းပြည်နယ် | ၂၄°C | ၁၅°C |

**ဧပြီ ၂၄ ရက် ရန်ကုန်ဆိပ်ကမ်း ရေတက်ရေကျ အခြေအနေ**

| | | | |
|---|---|---|---|
| ရေကျ | နံနက် | ၂း၀၈ နာရီ | ၆. ၁၀ ပေ |
| ရေတက် | နံနက် | ၈း၀၉ နာရီ | ၁၅. ၇၈ ပေ |
| ရေကျ | မွန်းလွဲ | ၂း၂၂ နာရီ | ၈. ၀၁ ပေ |
| ရေတက် | ည | ၈း၂၅ နာရီ | ၁၆. ၁၁ ပေ |

**ဧပြီ ၂၄ ရက် ရန်ကုန်မြို့ နေဝင်နေထွက်ချိန်**

| | | |
|---|---|---|
| နေထွက် | နံနက် | ၅း၄၃ နာရီ |
| နေဝင် | ညနေ | ၆း၂၂ နာရီ |

## မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ညောင်လေးပင်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်နှင့် ပုသိမ်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မောင်တောမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဘော်လခဲမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပြည်မြို့နှင့်ဘားအံ(စိုက်ပျိုးရေး)တွင် သုည ဒသမ ၅၀ လက်မစီတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

# လေပြင်းများ တိုက်ခတ်

**ဘားအံ**

ဧပြီ၂၃ ရက် ည ၇ နာရီခန့်တွင် ဘားအံမြို့နယ်အတွင်းမိုးသက်လေပြင်းတိုက်ခတ်ပြီး ရန်ကုန်-ဘားအံ ကားလမ်းဘေးရှိ သစ်ပင်များကားလမ်းပေါ်သို့ ပြိုလဲမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု နှစ်နာရီခန့်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းသို့ကားလမ်းပေါ်သို့ ပြိုလဲနေသောသစ်ပင်များကို မာယလူမှုကူညီရေးအသင်း (သံလွင် အနောက် ခြမ်း)လူငယ်များနှင့် သံလွင်တံတားလုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်မောင်းများ စုပေါင်းပြီး ဝိုင်းဝန်းရှင်းလင်းခဲ့သည့်အတွက် ည ၉ နာရီခန့်တွင်မော်တော်ယာဉ်များ ဆက်လက်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

**နောင်ချို**

နောင်ချိုမြို့နယ်တွင် ဧပြီ ၂၂ ရက် ညနေ ၃ နာရီခွဲက တစ်နာရီလျှင်မိုင် ၈၀ နှုန်းခန့်ဖြင့် လေပြင်းများတိုက်ခတ်ခဲ့သည်။

ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီခန့်ကလည်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခဲ့ရာ လျှပ်စစ်ကွန်ကရစ်ဓာတ်တိုင်များ၊ တယ်လီဖုန်းတိုင်များ လဲကျပျက်စီးခြင်း၊ ကားလမ်းဘေးသစ်ပင်များ ကျိုးကျခြင်း၊ လူနေအိမ်သွပ်ပြားများ လေထဲလွင့်ပါခြင်းများဖြစ်ပွားခဲ့သော်လည်း လူများထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း သိရသည်။

လေပြင်းများတိုက်ခတ်မှုကြောင့် မန္တလေး-လားရှိုးကားလမ်းပေါ်သို့ ကျိုးကျနေသော ယူကလစ်ပင်ကြီးများအား မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးလှမြင့်(စည်ပင်အမှုဆောင်အရာရှိ)၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဦးသာတို့ ဦးဆောင်၍ ခုတ်ထွင်ဖယ်ရှားကြသဖြင့် မူဆယ်-လားရှိုး-မန္တလေး ကားများပုံမှန်သွားလာနိုင်သည်။ မြန်မာ့ဆက်သွယ်ရေးတာဝန်ခံ ဦးဇော်မင်းကျော်၊ မြို့နယ်လျှပ်စစ်မှူး ဦးရဲလင်းကျော်နှင့် ဝန်ထမ်းများက တယ်လီဖုန်းလိုင်း၊ လျှပ်စစ်မီးများ မပြတ်တောက်စေရေး အတွက် အမြန်ဆုံးပြုပြင်ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# မသင်္ကာ၍ မေးမြန်းရာမှ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

**ပဲခူး ဧပြီ ၂၄**

ဧပြီ ၂၁ ရက် ၁၂ နာရီခွဲက ပဲခူးအမှတ် (၂) ရဲစခန်း အပိုင်မဇင်းရပ်ကွက် မဇင်းတိုးချဲ့(၂) အပိုင်းတွင် နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ကျော်မင်းထွန်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ လှည့်ကင်းတာဝန်ဆောင်ရွက်စဉ် တိုးချဲ့(၂) (၄) လမ်းထိပ်၌ ဆိုင်ကယ်တစ်စီးအား တွန်းလာသော မသင်္ကာဖွယ် လူတစ်ဦးအား တွေ့ရှိ၍ စစ်ဆေးရာ ၎င်းမှာ စောသူရ(ခ) ချမ်းအေး (၂၃)နှစ် တိုးချဲ့(၂) တစ်လမ်းမဇင်းရပ်ကွက် ပဲခူးမြို့နေသူဟု သိရပြီး ၎င်းတွန်းလာသော ဆိုင်ကယ်အမှတ် ၂၅ယ/. . . . Wave 100 အဖြူရောင်ဆိုင်ကယ်နှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ပိုင်ဆိုင်ကြောင်း ခိုင်လုံစွာပြောဆိုနိုင်ခြင်းမရှိဘဲ အိမ်အဆောက်အအုံတစ်ခုခုမှ ခိုးယူလာသည်ဟု မသင်္ကာဖွယ်စစ်ဆေးတွေ့ရှိ၍ သက်သေများရှေ့တွင် ဒုရဲအုပ်ကျော်မင်းထွန်းက ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး အရေးယူပေးပါရန် တိုင်တန်းသဖြင့် ပဲခူးမြို့ အမှတ်(၂) ရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောင်ကြီး-ပဲခူး)**

# ဆိပ်ဖြူမြို့နယ် ကဇွန်းမကျေးရွာအနီးတွင် ယာဉ်တစ်စီးတိမ်းမှောက် တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

**ဆိပ်ဖြူ ဧပြီ ၂၄**

ဆိပ်ဖြူမြို့နယ် ဆော-ဆိပ်ဖြူကားလမ်းမိုင်တိုင်အမှတ် (၃၀/၃) နှင့် (၃၀/၄)အကြား ကဇွန်းမကျေးရွာ အဝင်လမ်းအတက်တွင် ဧပြီ ၂၃ ရက်မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ယာဉ်တစ်စီးတိမ်းမှောက်သဖြင့် အမျိုးသမီးတစ်ဦး အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး လူခြောက်ဦး (မစိုးရိမ်ရ) ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာချစ်စန်းဦးအသက်(၂၃)နှစ် ပိုင်းကျေးရွာ ဆိပ်ဖြူမြို့နယ်နေသူမောင်းနှင်သော 7A/ ----- အပြာရောင်ယာဉ်ပေါ်တွင် ပိုင်းကျေးရွာနေသူများလိုက်လာပြီး ပိုင်းကျေးရွာမှ ဆိပ်ဖြူမြို့သို့မောင်းနှင်လာစဉ် ဆော-ဆိပ်ဖြူကားလမ်းမိုင်တိုင်အမှတ် (၃၀/၃) နှင့် (၃၀/၄) အကြား ကဇွန်းမကျေးရွာ ရွာအဝင်လမ်း ကုန်းအတက်တွင် မတက်နိုင်၍ကားမှာနောက်သို့ လျှောကျကာ လမ်း၏ဘယ်ဘက်ခြမ်းသို့လဲကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ ၁၅ ဦးအနက် ဒေါ်မိုးနွယ် အသက်(၄၇)နှစ်တွင် ရင်ညွန့်ပွန်းခြစ် ဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ရန်နိုင်ကျော် အသက်(၁၅)နှစ်၊ ဦးမောင်ဝင်း အသက်(၄၅)နှစ်၊ မပြည့်စုံဌေး အသက်(၁၃)နှစ်၊ မသူဇာနှင်း အသက်(၁၅)နှစ်၊မသူဇာမြင့် အသက်(၁၃)နှစ်နှင့် မမိုးမိုးကြည် အသက်(၁၇)နှစ် တို့တွင် ဒဏ်ရာအသီးသီး(မစိုးရိမ်ရ) ရရှိခဲ့ကြကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းချစ်စန်းဦးအား ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**(ကျော်ဇေယျ)**

# မူးယစ်ကင်းစင် အောင်ပွဲဆင်

## ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါ ဘိုင်ယန်မြူးနစ်မှ ထွက်ခွာမည်

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဇာဗီအလွန်ဆိုအားခေါ်ယူခဲ့ရာ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါသည် ဘိုင်ယန်မြူးနစ်အသင်း၏ ကွင်းလယ်ပိုင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးခဲ့ရခြင်းကြောင့် လက်ရှိကလပ် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည့်သတင်းများ ထွက်ပေါ်လာခဲ့သည်။

ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါသည် ဘိုင်ယန်မြူးနစ်အသင်းက ပေါ်တိုအသင်းအား ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ပါဝင်ပွဲထွက်ခွင့်မရခဲ့သည့်အပြင် ယခင်နှစ်ဘောလုံးရာသီများထက် ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ပါက ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန်လည်း ရှိနေသည်။

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် အသင်း၏ ကွင်းလယ်ပိုင်းအတွက် ဇာဗီအလွန်ဆိုကိုသာ ဦးစားပေးပွဲထွက်ကစားစေခဲ့ခြင်းကြောင့် ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန်ရှိနေသည့်အပြင် ဆက်ကစားရန်အတွက်လည်း မစဉ်းစားရသေးကြောင်း ရှဝိန်းစတိုင်ဂါက ဆိုသည်။

(ငွေကြယ်)





# ဘာစီလိုနာအသင်း တစ်နှစ်တည်းဖလားသုံးလုံး ဆွတ်ခူးရယူနိုင်မည်ဟု

## ဒေးဗစ်ဗီလာ ယုံကြည်နေ

စပိန်လာလီဂါ၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဖလားသုံးလုံးဆွတ်ခူးရယူနိုင်မည့် အနေအထားတွင်ရှိနေကြောင်း နယူးယောက်စီးတီးအသင်းတွင် ကစားလျက်ရှိသည့် ဘာစီလိုနာအသင်း တိုက်စစ်မှူးဟောင်းတစ်ဦးဖြစ်သူ ဒေးဗစ်ဗီလာက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

နည်းပြ ဟင်နရီကေး၏ ဘာစီလိုနာအသင်းသည် လက်ရှိတွင် စပိန်လာလီဂါ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည့်အပြင် ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ထို့ပြင် ဘာစီလိုနာအသင်းသည် စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲကိုလည်း ယှဉ်ပြိုင်ကစားရန် ရှိနေသေးသည်။

လက်ရှိဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာလက်ထက် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင်လည်း ဘာစီလိုနာအသင်းသည် တစ်နှစ်တည်းဖလားသုံးလုံးရယူနိုင်ခဲ့သည့် သမိုင်းကြောင်းရှိထားခဲ့ပြီး ယခုနှစ်တွင်လည်း ဖလားသုံးလုံးရယူနိုင်မည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေကြောင်း ဒေးဗစ်ဗီလာက ဆိုသည်။

"ဘာစီလိုနာအသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သလို ပြည်တွင်းလိဂ်ပြိုင်ပွဲနှစ်ခုလုံးမှာလည်း အောင်မြင်မှုသရဖူရယူဖို့ အလားအလာတစ်ခုကို ပိုင်ဆိုင်ထားတဲ့အသင်းပါ။ အဲဒါကြောင့် ဒီနှစ်မှာ ဖလားသုံးလုံးရယူနိုင်မယ်လို့ ကျွန်တော်ယုံကြည်ထားတာပါ"ဟု ဘာစီလိုနာ တိုက်စစ်မှူးဟောင်း ဒေးဗစ်ဗီလာက ပြောကြားခဲ့သည်။

(ငွေကြယ်)

### ဘာစီလိုနာ၏ ဖလားရရှိမှုမှတ်တမ်း

၁၉၉၁-၁၉၉၂၊ ၂၀၀၅-၂၀၀၆၊ ၂၀၀၈-၂၀၀၉ နှင့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီများတွင် ချန်ပီယံလိဂ်ဖလားလေးကြိမ်အထိ ရယူနိုင်ခဲ့သည်။

စပိန်လာလီဂါဖလားကို ၁၉၂၈-၁၉၂၉ ဘောလုံးရာသီမှ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ဖလား ၂၂ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သည်။

စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ၁၉၀၉-၁၉၁၀ ဘောလုံးရာသီမှ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီအတွင်း ဖလား ၂၆ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သည်။

ဖီဖာ၏ကလပ်အသင်းများ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်မူ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်တို့တွင် ဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။

**လီဗာပူးကွင်းလယ်ကစားသမားဂျော်ဒန်ဟန်ဒါဆင်အနေဖြင့် မိခင်ကလပ်အသင်းနှင့် တစ်ပတ်လုပ်ခပေါင်တစ်သိန်းရရှိမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု ကလပ်အသင်းဝက်ဘ်ဆိုက်တွင်ဖော်ပြခဲ့သည်။ နှစ်ဖက်ညှိနှိုင်းဆွေးနွေးပြီးနောက် ၂၀၂၀ ခုနှစ်အထိသက်တမ်းရှိသောစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။**



# ဟန်ဒါဆင် လီဗာပူးနှင့် ၂၀၂၀ အထိ သက်တမ်းရှိ စာချုပ်သစ် ထပ်မံချုပ်ဆို

ဟန်ဒါဆင်က "ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးမှု အနည်းငယ်ပြုလုပ်ပြီးတဲ့နောက်မှာတော့ စာချုပ်ကိစ္စလုံးဝအဆင်ပြေသွားခဲ့တယ်။ အခုဆိုလီဗာပူးမှာ အချိန်အကြာကြီးဆက်ရှိနေမှာ ဖြစ်တဲ့အတွက် ကျွန်တော်တကယ်ကို ကျေနပ်မိပါတယ်။ ကျွန်တော်ထင်ပါတယ် ကလပ်အသင်းဟာ နောင်နှစ်အနည်းငယ်အတွင်းမှာဆုဖလားတွေကို စိန်ခေါ်နိုင်ပြီး အောင်မြင်မှုတွေကိုသိမ်းပိုက်နိုင်ပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ထင်ရှားတဲ့ တိုးတက်မှုတွေကိုဖော်ဆောင်နိုင်ခဲ့သလို လာမယ့်နှစ်တွေမှာတော့ ချန်ပီယံစင်မြင့်ပေါ်ကို ပြန်လည်ရောက်ရှိလာမှာပါ"ဟု ကလပ်အသင်းဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

နည်းပြဘရန်ဒန်ရော်ဂျာက"လီဗာပူးအနေနဲ့ ဒီနှစ်ဘောလုံးရာသီမှာ အရေးကြီးတဲ့ စာချုပ်သက်တမ်းတိုးမြှင့်မှုတွေကို အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကလပ်အသင်းပိုင်ရှင်တွေက လက်ရှိကစားသမားတွေစုစုစည်းစည်းနဲ့ အောင်မြင်မှုဆီအတူတကွသွားတာကို မြင်ချင်တယ်လို့ ပြောထားပြီး ဒီကိစ္စကိုအခုလို ရုပ်လုံးပေါ်အောင် ဖော်ဆောင်နိုင်ခဲ့တဲ့အတွက် ကျေနပ်မိပါတယ်"ဟုဆိုသည်။

လီဗာပူးသည် ယခုနှစ်ဘောလုံးရာသီအတွင်းမှာပင် တိုက်စစ်မှူးစတားရစ်ချ်၊ ကွင်းလယ်လူ ကော်တင်ဟိုတို့အား စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ချုပ်ဆိုနိုင်ခဲ့သည်။ဟန်ဒါဆင်သည် ၂၀၁၁ ခုနှစ်တွင် ဆန်းဒါးလန်းမှ လီဗာပူးသို့ ပြောင်းရွှေ့ကြေးပေါင်သန်း၂၀ ဖြင့် ရောက်ရှိလာခဲ့ပြီး လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျာရတ်မှာ ယခုနှစ်ဘောလုံးရာသီအကုန်၌ အယ်လ်အေဂလက်စီသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ရာ ဟန်ဒါဆင်သည် အသင်းခေါင်းဆောင်သစ်ဖြစ်လာရန် ရေပန်းစားနေသူဖြစ်သည်။ ဟန်ဒါဆင်သည် လက်ရှိတွင် ဒုတိယအသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားကာ ယခုနှစ်ဘောလုံးရာသီ၌ လီဗာပူးအတွက် စုစုပေါင်း ၅၅ ပွဲ ဝင်ရောက်ကစားကာ သွင်းဂိုး ခုနစ်ဂိုးသွင်းယူပေးခဲ့သည်။

[မေလှဲ့သင်း]

## ရီးယဲလ်မှ ဂါရတ်ဘေးလ်နှင့် ဗာရာနီအတွဲကိုခေါ်ယူရန် ချယ်လ်ဆီးကြိုးပမ်း

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ရီးယဲလ်မှတိုက်စစ်မှူးဂါရတ်ဘေးလ်နှင့် နောက်ခံလူဗာရာနီတို့နှစ်ဦးအား ခေါ်ယူရန်ကမ်းလှမ်းခဲ့သည်။ ချယ်လ်ဆီးက အဆိုပါရီးယဲလ်တွဲဖက်ကစားသမားနှစ်ဦးအတွက် ပေါင်သန်းတစ်ရာဖြင့် ကမ်းလှမ်းခဲ့သော်လည်း ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က အဆိုပါကစားသမားနှစ်ဦးမှာ ရောင်းရန်မဟုတ်ဟု တုံ့ပြန်ခဲ့သည်။

မော်ရင်ဟိုက လက်ရှိတွင် ချယ်လ်ဆီးအနေဖြင့် တိုက်စစ်ကစားသမားသုံးဦးလုံး ဒဏ်ရာပြဿနာများရှိနေကာ အာဆင်နယ်ကိုရင်ဆိုင်ရန် ခက်ခဲနေသည်ဟု ဆိုခဲ့သေးသည်။ ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် အသင်းတိုက်စစ်အင်အား တောင့်တင်းလာစေရန် ပရီမီယာလိဂ်ကစားဟန်နှင့် အံဝင်ပြီးသား ဂါရတ်ဘေးလ်အား ချယ်လ်ဆီးသို့ ခေါ်ယူလိုနေခြင်းဖြစ်သည်။ ရီးယဲလ်နည်းပြအဖြစ် ကိုင်တွယ်ခဲ့စဉ်ကမော်ရင်ဟိုသည်ဗာရာနီအား ရီးယဲလ်သို့ခေါ်ယူခဲ့သူဖြစ်ကာ အသက်အရွယ်ထောက်လာသော ဂျွန်တယ်ရီ၏နေရာကို အစားထိုးရန် ခေါ်ယူလိုနေခြင်းဖြစ်သည်။

ဂါရတ်ဘေးလ်သည် ဧပြီ၂၃ရက်က ကစားခဲ့သော ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်ကို လွဲချော်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီ၌ ၎င်း၏ကစားပုံနှင့်ပတ်သက်၍ အပြင်းအထန် ဝေဖန်ခံခဲ့ရသူလည်းဖြစ်သည်။ သို့သော် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်အနေဖြင့် နည်းပြအန်စလော့တီ ယခုနှစ်ရာသီအကုန်တွင် ရီးယဲလ်မှ ထွက်ခွာသွားလျှင်ပင် အဆိုပါကစားသမားနှစ်ဦးကို ရီးယဲလ်တွင်သာ ဆက်လက်ကစားစေရန်ဆန္ဒရှိနေသည်။

[မေလှဲ့သင်း]

## CONGRATULATIONS

Our heartiest welcome and warmest congratulations
on the successful opening of
**"Bank of Tokyo Mitsubishi UFJ"**
Yangon branch in Myanmar on 22nd April 2015.
Wishing you further success and achievements in
providing excellent banking services
for the benefit and economic development of Myanmar.

**Chairman and Board of Directors**
**KBZ Bank Ltd.**

## CONGRATULATIONS

Our heartiest welcome and warmest congratulations
on the successful opening of
**"Sumitomo Mitsui Banking Corporation"**
Yangon branch in Myanmar on 23rd April 2015.
Wishing you further success and achievements in
providing excellent banking services
for the benefit and economic development of Myanmar.

**Chairman and Board of Directors**
**KBZ Bank Ltd.**

## CONGRATULATIONS

Our heartiest welcome and warmest congratulations
on the successful opening of
**"Oversea Chinese Banking Corporation"**
Yangon branch in Myanmar on 23rd April 2015.
Wishing you further success and achievements in
providing excellent banking services
for the benefit and economic development of Myanmar.

**Chairman and Board of Directors**
**KBZ Bank Ltd.**

# ၂၀၁၅ ခုနှစ် ကျေးလက်ဒေသစွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

**တာချီလိတ် ဧပြီ ၂၄**

တာချီလိတ်ခရိုင်အတွင်း ၂၀၁၅ ခုနှစ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပေါင်းစည်းလယ်ယာ ပြုလုပ်ဆောင်ရွက်ထားရှိပြီး မွေးမြူရေးလုပ်ငန်းကို စိတ်အားကိုယ်အား ပါဝင်လုပ်ဆောင်လျက်ရှိသော အကောင်းဆုံးလုပ်ငန်းရှင်နှင့် မွေးမြူရေးထုတ်လုပ်မှု အကောင်းဆုံး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့်အဖွဲ့က ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီက မွေးမြူရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မွေးမြူထုတ်လုပ်မှုအကောင်းဆုံးမွေးမြူရေးသမားဆုပေးရန်အတွက် မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်ဆင့်မှ ရွေးချယ်ခြင်းခံထားရသော တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဟာကျေးမုန်းကျေးရွာရှိ ဦးကျဟေး၏ နွားမွေးမြူရေးခြံ၊ ကြက်ခြံနှင့် ငါးမွေးမြူရေးခြံများသို့ သွားရောက်ပြီး လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ထားမှု ရှိ-မရှိနှင့် လိမ္မော်၊ ရော်ဘာ လယ်ယာစိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများ၊ လုပ်ငန်းများ အမှန်တကယ်အောင်မြင်မှု ရှိ-မရှိတို့ကို သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါရွေးချယ်ခံရသူတစ်ဦးကို ဗဟိုအဆင့်ပြိုင်ပွဲများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် မွေးမြူသူမှာ စုစုပေါင်းတိရစ္ဆာန်မွေးမြူမှုရာခိုင်နှုန်း၊ မွေးမြူရေးသုံးစက်ကိရိယာများသုံးစွဲနိုင်မှု၊ သိပ္ပံနည်းကျ မွေးမြူနည်းစနစ်များ လိုက်နာဆောင်ရွက်နိုင်မှု၊ အဆင့်မြင့်မွေးမြူရေးခြံများ ဖော်ထုတ်မွေးမြူနိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ မွေးမြူရေးသမားများ၏ယုံကြည်အားကိုးမှုနှင့် ထူးခြားစွာဆောင်ရွက်နိုင်မှု စသည့်အချက်များနှင့်ကိုက်ညီသည့် မွေးမြူရေးသမားတစ်ဦးကို ရှမ်းပြည်နယ်ကိုယ်စားပြုအနေဖြင့် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအပြင် တာချီလိတ်မြို့နယ် လွယ်စီတုံကျေးရွာအတွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဖက်စပ် ဥစားကြက်မွေးမြူရေးလုပ်ကိုင်သူ ဒေါ်သီတာ၏ ဥစားကြက်မွေးမြူရေးခြံကို အားပေးကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားပေးခဲ့ကြောင်း သိရသည်။

ဒေသအတွင်း မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအား မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးခြင်း၊ နည်းပညာနှင့် အရင်းအနှီးများပေးအပ်ခြင်း၊ ကျေးလက်ဒေသအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီနိုင်စေရေး မွေးမြူရေးကျေးလက်လုပ်ငန်းရှင်များကို မွေးထုတ်ခြင်းအပြင် မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေးတိုးချဲ့လာစေရန် တွန်းအားပေးခြင်း၊ လိုအပ်သော အရင်းအနှီးကို ထုတ်ချေးပေးခြင်း၊ ယှဉ်ပြိုင်မွေးမြူလာစေရန် မွေးမြူထုတ်လုပ်မှုကောင်းမွန်သည့် လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# နွားစာပြောင်းများဈေးနှုန်းမြင့်နေသဖြင့် ပင့်ငံရွက်များကို နွားစာကျွေးနေရ

**မကွေး ဧပြီ ၂၄**

မကွေးမြို့နယ်တွင် ခိုင်းနွားများအတွက် နွားစာရှားပါးမှုနှင့်ကြုံတွေ့နေကြရပြီး နွားစာပြောင်းဈေးမြင့်တက်နေခြင်းတို့ကြောင့် တောင်သူတချို့မှာ နွားစာအဖြစ် ပင့်ငံရွက်၊ ကုက္ကိုရွက်များအပြင် ညောင်ရွက်အနုများ ခုတ်၍ ကျွေးနေကြရကြောင်း တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ရွာတွေမှာ နွားစာပြောင်းဈေးကောင်းနေတယ်။ ပြောင်းထုံးတစ်ရာကို တစ်သောင်းကျပ်ပေးဝယ်ရတယ်။ မနှစ်က မိုးလေဝသအခြေအနေမကောင်းခဲ့တော့ နွားစာပြောင်းအရနည်းကြတယ်။ တချို့ဆိုရိုးကြားချောက်ကြားက မြက်စပ်ခြောက်ကို ရိတ်ကျွေးကြရတယ်။ အခုမြက်စပ်က ရိတ်လို့မရကြတော့ဘူး။ နွေရာသီအချိန်မှာ ယာတွေကို နွားချေးချတာတို့ ထွန်ရေးပြင်ဆင်ပြီး မိုးကျတာနဲ့ အဆင်သင့်စိုက်ပျိုးဖို့လုပ်ကိုင်စဉ်မှာ နွားစာအတွက် ပင့်ငံရွက်ကိုအဓိကအားထား ကျွေးမွေးကြရတယ်။

"အခုအချိန်မှာ နွားစာစိုစိုဆိုလို့ ညောင်ရွက်နုနုနဲ့ ကုက္ကိုရွက် ကုက္ကိုသီးတွေကျွေးရတယ်။ အာလူးခင်းကွက်မှာစိုက်တဲ့ပြောင်းက အပင်အဖြစ်နည်းတော့ တောင်သူတချို့ နွားစာအတွက် အခက်အခဲဖြစ်ကြတယ်"ဟု ကြာပြည့်အင်းကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကြသည့် တောင်သူလယ်သမားများဖြစ်၍ နိုင်ငံတော်မှလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် လယ်ထွန်စက်များ၊ လက်တွန်းထွန်စက်များနှင့် စပါးရိတ်သိမ်းစက်များ၊ ခြွေလှေ့စက်များကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော်လည်း တောင်သူလယ်သမားများသည် စိုက်ပျိုးချိန်နှင့် အသီးအနှံများပေါင်းရှင်းချိန်၊ ကြောင်းတင်ချိန်များတွင် နွားများဖြင့်သာ အဓိကအားထား၍ လုပ်ကိုင်နေကြရကြောင်း ဒေသခံများက ပြောသည်။

**ဖွဲ့ထက်ရှင်**



**သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်း လုံခြုံမှုရှိစေရန်နှင့် အဆင့်မြင့်တင်နိုင်ရေးအတွက် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းသည် ဧပြီ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ လိုအပ်သောညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - ကျော်ဇေယျဝင်း(ပြန်/ဆက်)


## (၂၅)နှစ်ပြည့်ငွေရတုဆုတောင်းမင်္ဂလာ

ဖေဖေ ဦးဝင်းဟန်-**CHIEF ENGINEER, LIZSTAR SHIPPING Co.,Ltd.**

နှင့်

မေမေ ဒေါ်ဝင်းဝင်း- ဝင်းသရဖူအီလက်ထရွန်နစ်၊ ဗိုရွဲလမ်း၊ ဝင်းကမ္ဘာထီရောင်းဝယ်ရေး၊ ၂၇ လမ်းအထက်တို့၏၂၅-၄-၂၀၁၅ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှစ်ပါးအေးချမ်းစွာဖြင့် ချစ်သားချစ်သမီးတို့နှင့်အတူ ဘဝကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သား မောင်ဝေယံအောင် **B.E (MECHANICAL) (Z.M.C.P)**

သမီး မခင်ရတနာဝင်း **B.BM (Final Year) NMC**

ဝင်းသရဖူအီလက်ထရွန်နစ်နှင့် ဝင်းကမ္ဘာထီရောင်းဝယ်ရေးမှ ဝန်ထမ်းများ

**ပျောက်ဆုံးကြောင်း**

ဦးပဥ္စင်းဦးဥတ္တမ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-၁၅၄၅၃၉)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၂၈၁၅၅

**ခြံရောင်းမည်**

တိုက်ကြီး၊ ဖောင်ကြီး၊ ပဲခူးလမ်းမဘေး G မြေ၊ (၂.၅) ဧက၊ ပိုင်ရှင်အမည်ပေါက် သိန်း ၃၅၀။

ဖုန်း-၀၉-၉၇၄၇၅၁၈၉၅

**ဗိုင်းအမည်မှန်**

အ.ထ.က(၂)လမ်းမတော်၊ဒဿမတန်း(က)မှ မောင်ဟန်မင်းသန့်၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်ကြည်ဆွေ(ခ) မဦး (၇/ကတခ(နိုင်)၀၀၀၀၅၀)ဖြစ်ပါသည်။

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပဆက်သွယ်ရေးဌာနတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | ဆောင်ရွက်မည့်လုပ်ငန်း | ဆောင်ရွက်မည့်နေရာ |
|---|---|---|
| ၁ | Beach Man Hole တည်ဆောက်ခြင်း<br>အဝီစိတွင်း၊ ရေကန်နှင့် ရေစင်တည်ဆောက်ခြင်း | ငွေဆောင်ဒေသ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂ | လုံခြုံရေးဂိတ်အဆောက်အအုံ၊ ကွန်ကရစ်လမ်းခင်းခြင်း၊<br>Culvertနှင့် ကျောက်စီမျက်နှာပြင်ဆောင်ရွက်ခြင်း | ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃ | အဝီစိတွင်း၊ ရေကန်နှင့် ရေစင်တည်ဆောက်ခြင်း | ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄ | အဝီစိတွင်း၊ ရေကန်နှင့် ရေစင်တည်ဆောက်ခြင်း | ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ (၈)မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၄၅၀၀၀၀၁၄၂၊ ၀၁ ၆၅၀၁၁၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါးတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ






# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

**ယနေ့ပွင့်လင်းလာသည့်မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

ထုတ်လုပ်မှုကို ဦးတည်သည့် (တစ်နည်းအားဖြင့်) စက်ရုံတည်ဆောက်လုပ်ကိုင်လိုသည့် FDI လုပ်ငန်းကြီးများအတွက် မြေဈေးကြီးမှုနှင့် မြေနေရာအခက်အခဲရှိခြင်းသည် ရင်းနှီးမြှုပ်နှံရန် အဟန့်အတားဖြစ်နေသည်။ ယခုအခါ SEZ များ၊ FDI လုပ်ငန်းများအတွက် အထူးစက်မှုဇုန်များ အမြန် အကောင်အထည်ဖော်နိုင်ရေး လုပ်ဆောင်နေပြီဖြစ်သလို ယခုထက်အရှိန်အဟုန်ပို၍ မြင့်ရဦးမည်ဖြစ်သည်။

**G.S.S ပိုမိုဝင်ရောက်ရေးအတွက် အရေးပါသည့် ကုန်သွယ်မှုပေါ်လစီ**

GSC ကဲ့သို့ဝင်ရောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ အရေးကြီးသလို ကုန်သွယ်မှု ပေါ်လစီလည်း အထူးအရေးပါသည်။ ယနေ့ globalization ခေတ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးဆောင် ကဏ္ဍမှာ ကုန်သွယ်မှုပင်ဖြစ်သည်။ အမှန်တကယ်မှု GSC အတွက် နိုင်ငံတကာမှ လာရောက်ကြမည့် ရင်းနှီးမြှုပ်နှံမှုများသည် ဈေးကွက်ဦးတည်သည့်အတွက် ထွက်လာသည့်ကုန်ချောများ ကမ္ဘာ့ဈေးကွက်ကို ရောင်းချရန်ဖြစ်သလို GSC ဖြစ်သည်နှင့်အညီ ကုန်ကြမ်းများ၊ တစ်ဝက်တစ်ပျက်ပြီးကုန်ချောများ၊ အစိတ်အပိုင်းနှင့် အပိုင်းအစများ(part & components)မှာပါ အကျုံးဝင်သည့်အတွက် မြန်မာ့ကုန်သွယ်မှုအနေဖြင့်လည်း ယခင်ကကဲ့သို့ တစ်ကြောင်းတည်းမဟုတ်တော့ဘဲ အသွားအပြန်ရှိသည့် ကုန်သွယ်မှုဖြစ်လာသောကြောင့် ကုန်သွယ်မှုတန်ဖိုး ယခင်ကထက် များလာမည် ဖြစ်သလို ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုကုန်သွယ်ရေး(process trading)ဖြစ်သည့် ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ ဆိပ်ကမ်းနှင့် logistics ဝန်ဆောင်မှုများ၊ အာမခံဆိုင်ရာဝန်ဆောင်မှုများသင်္ဘောတင်နှင့် ကွန်တိန်နာ လုပ်ငန်းများပါ ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဆိုလိုသည်မှာ GSC trading (re-export & re-import) တို့ အများဆုံး လုပ်နေသည့် နိုင်ငံဖြစ်သောကြောင့် ကုန်သွယ်မှုပမာဏများသလို ပို့ကုန်ပမာဏလည်းများကြောင်း တွေ့ရသည်။ GSC သို့ ပိုမိုဝင်ရောက်ပြီး နိုင်ငံ၏ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ရမည်ဆိုလျှင် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှု ကိုအခြေခံသည့် ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ(export led growth model)ဖြင့်သာ လျှင်မြန်သည့် တိုးတက်မှု ရရှိခဲ့ကြောင်း ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ် စသည့်နိုင်ငံတို့အပြင် လက်ရှိ သိသိသာသာ ဖွံ့ဖြိုးလာကြသည့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့၏ အတွေ့အကြုံများက ဖော်ပြနေသည်။

## နိုင်ငံယှဉ်အကျိုးကျေးဇူးအရ အခွင့်အလမ်းသာသည့် လုပ်ငန်းများ ပိုမိုထွန်းကား . . .

ထွန်းကားလာတော့ မည်ဖြစ်၍ ကမ္ဘာတစ်ဝန်းလုံးနှင့် စီးပွားရေးပေါင်းစည်းနိုင်သည့် GSC trading များပင်ဖြစ်သည်။ ဥပမာအနေဖြင့် ကြည့်လျှင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုနှင့် တိုင်းပြည်ဝင်ငွေ(GDP)အချိုးကိုကြည့်လျှင် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ပြီး GDP တန်ဖိုး ၁၀၀ ဖြစ်လျှင် ကုန်သွယ်မှုတန်ဖိုး ၄၀၀ ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ကမ္ဘာတစ်ဝန်းလုံးနှင့် ပေါင်းစည်းမှုများသောကြောင့် GSC trading အပြင် တစ်ဆင့်ခံကုန်သွယ်မှု(transit trade)၊ ပြန်လည်ပို့ကုန်နှင့် သွင်းကုန်

ထို့အတွက်လည်း "တန်ဖိုးမြင့်ပို့ကုန်များ ထွန်းကားလာရေးအတွက် "trade-services-investment-IP nexus" ကုန်သွယ်မှု-ဝန်ဆောင်မှုများ-ရင်းနှီးမြှုပ်နှံမှုများ-ဉာဏဆိုင်ရာ ပစ္စည်းအကာအကွယ်ပေးမှု အပြန်အလှန် ဆက်စပ်နေ သလို အားပေးနေသောကြောင့် တစ်ပြိုင်နက်တည်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပညာရှင်များက ထောက်ပြခဲ့ကြသည်။

ကုန်သွယ်မှုသည် ယခင်ကကဲ့သို့ နှိုင်းယှဉ်အကျိုးကျေးဇူးရှိသည့် ကုန်စည်ကိုသာ စူးစိုက်ထုတ်လုပ်တင်ပို့သည့် စနစ်မဟုတ်တော့ဘဲ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်တင်ပို့သည့်စနစ်ဖြစ်ထွန်းလာရေးအတွက် ကုန်သွယ်မှု နှင့် ဆက်စပ်နေသည့် ဝန်ဆောင်မှုများ တစ်ပြိုင်နက်တိုးတက်ရမည်ဖြစ်သလို တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် အရင်းအနှီးများနှင့် နည်းပညာသစ်များလည်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။ တစ်ဖက်မှလည်း အဆင့်မြင့်နည်းပညာ ပိုမိုသုံးစွဲနိုင်ရေးနှင့်တီထွင်ဆန်းသစ်မှုအားပေးနိုင်ရေးအတွက်ဉာဏဆိုင်ရာပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးမှုများလည်း ပိုမိုဖော်ဆောင်ရမည်ဖြစ်သည်။

ကုန်သွယ်မှုပေါ်လစီသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏လက်တွေ့လုပ်ဆောင်နေသည့် နှိုင်းယှဉ်အကျိုးကျေးဇူးအရ အခွင့်အလမ်းသာသည့် လုပ်ငန်းများ ပိုမိုထွန်းကားလာရေးလုပ်ဆောင်နိုင်သလို ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားပိုမိုမြင့်တက်လာရေးအတွက်လည်း လုပ်ဆောင်နိုင်သည်။ ထို့အတူ တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် FDI လုပ်ငန်းကြီးများ ပိုမိုဝင်ရောက်နိုင်ရေးနှင့် GSC ပိုမိုဝင်ရောက်နိုင်ရေးအတွက်ပါ လုပ်ဆောင်နိုင်သည့်အတွက် နိုင်ငံဖွံ့ဖြိုးရေးတွင် ကုန်သွယ်မှုပေါ်လစီကိုလက်နက်အဖြစ်အသုံးပြုနိုင်သည်။

ကုန်သွယ်မှုပေါ်လစီအနေဖြင့် GSC နှင့် GVC သို့ထဲထဲဝင်ဝင်ရောက်နိုင်မှု၊ အခြေခံလက္ခဏာလေးရပ်နှင့် ပြည့်စုံရမည်ဖြစ်သည်။ ၎င်းတို့မှာ 4C ဟု အတိုကောက်ခေါ်ပြီး ပထမဆုံး C မှာ competitiveness (cost) ယှဉ်ပြိုင်မှုစွမ်းအားရှိဖို့ စရိတ်အားဖြင့်သက်သာအောင်ကုန်သွယ်မှုပေါ်လစီက လုပ်ဆောင်ပေးရမည်ဖြစ်သည်။ ဒုတိယအချက်မှာ celerity and timeliness ကုန်သွယ်မှုလုပ်ငန်းများလုပ်ဆောင်ရာတွင် အမြန်ဆုံးနှင့် အချိန်မီဖြစ်အောင် စီမံပေးခြင်းပင်ဖြစ်ပြီး တတိယအချက်မှာသေချာမှုနှင့် တွက်ချက်နိုင်မှု (certainty & predictability) ပင်ဖြစ်ပြီး ကုန်သွယ်မှုပေါ်လစီသည်ပို့ကုန်သွင်းကုန်များအတွက် စွန့်စားမှုမရှိစေဘဲ သေချာမှုနှင့် တွက်ချက်နိုင်မှုပေးနိုင်ရမည် ဖြစ်သည်။ နောက်ဆုံးအချက်မှာ ပူးပေါင်းဆောင်ရွက်နိုင်မှု (coordination) ဖြစ်ပြီး ကုန်သွယ်မှုနှင့်ဆိုင်သော ပြည်တွင်းရှိသက်ဆိုင်ရာကဏ္ဍများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မှုလိုသလို နိုင်ငံတကာနှင့် အဆင်ပြေချောမွေ့စေရေး၊ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့်ညှိနှိုင်းမှုများပါ အကျုံးဝင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CITY OF MUMBAI V.18သင်္ဘောသည် ၂၃-၄-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်




**သိုးရာသီ ဓမ္မဒါန**

ထားဝယ်ရှင်ကိုးရှင် ထမင်းကျွေး-၇၀၀၀၀ဝိ
တောင်ကြီး-အင်းလေး-ပင်းတယ-၅၀၀၀၀ဝိ
မန္တလေး-ပေမြို့-အလောင်းတော်ကဿပ-၅၀၀၀၀ဝိ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀၀ဝိ
Apr 17, 24 , 31 ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797

**ကိုသန့်ဇင် CAR RENTAL**

ကားမျိုးစုံကို ခရီးစဉ် လချုပ်၊ အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁




**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄) မှ တာဝန်ယူဆောင်ရွက်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တည်ဆောက်သည့် သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့်ဝယ်ယူလိုပါသည်။

စဉ် အမျိုးအမည်
၁။ ဘိလပ်မြေ(ကြံ့)
၂။ မြေအုတ်
၃။ မြစ်သဲ
၄။ မြစ်ကျောက်စရစ်
၅။ တောသစ်(အင်/ကညင်)
၆။ ငါးထပ်သား(၈×၄)ပေ (9mm)

တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၂၂-၄-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နှင့် သမဝါယမတက္ကသိုလ် (သန်လျင်) ဘွဲ့နှင်းသဘင်ခန်းမလုပ်ငန်းခွင်ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန် ၄-၅-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၄။ တင်ဒါဖွင့်မည့်ရက်/အချိန် ၅-၅-၂၀၁၅ရက်၊ ၁၀း၀၀နာရီ
နေရာ သမဝါယမတက္ကသိုလ်(သန်လျင်)လုပ်ငန်းခွင် ရှင်းလင်းဆောင်
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အအုံအထူးအဖွဲ့(၄)
ဖုန်း-၀၁-၅၆၂၉၇၊ ၀၁-၅၇၇၁၀၃
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

**စက်ရုံငှားမည်**

ဒဂုံအရှေ့စက်မှုဇုန်၊ အပိုင်း(၂)၊ ကညနအနီး၊ ပေ(၁၅၀×၁၅၀) Steel Structure ထရန်စဖော်မာ (၃၁၅) ပေ(၄၀×၂၀) (၂)ထပ်၊ ပေ(၁၅×၂၀) ရေချိုးခန်း၊ အိမ်သာအပါ တစ်လ ကျပ်သိန်း(၆၀)

ဆက်သွယ်ရန်

၀၉-၅၁၃၃၁၁၉၊ ၀၉-၅၅၀၃၅၉၈၊ ၀၉-၇၉၆၄၆၈၆၈၀

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

" ဘိုးဘိုးက ခိုင့်ကို ခေါ်တယ် . . . "

" ဟုတ်တယ် . . . ကျိုက်ဗောဓိဘုရားကြီးနားမှာပေါ့။ ဘိုးဘိုးကိုတော့ မတွေ့ရတော့ဘူး၊ အသံသာကြားရတယ်။ ပြီးတော့မောင် ရောက်လာတာပဲ . . . "

ကျွန်တော်သည် ခိုင်ပြောနေသည်တို့အား နားမလည်။ သို့ရာတွင် ဖြူလျော်နေသော ခိုင့်မျက်နှာ ကလေးကိုကြည့်၍ သနားမိသည်။

"မောင့်ကို တွေ့တော့ ခိုင်က ကြောက်တယ် . . . ကြောက်တယ် . . . လို့ပြောတယ်၊ ခိုင် ဘာကို ကြောက်တာလဲဟင် " ခိုင်သည် တုန်လှုပ်သွား၏။

"ဟုတ်တယ် . . . ခိုင် သိပ်ကြောက်သွားတာပဲ၊ ဒါပေမယ့် မောင်ရှိရင် ခိုင်မကြောက်ပါဘူး " ခိုင်၏ စကားကြောင့် ကျွန်တော် ဂုဏ်တက်မိသည်။

ကျွန်တော်သည် ခိုင်၏ လက်ကလေးကိုဆွဲကာ ထိုင်ရာမှ ထသည်။

"ဘယ်ကိုသွားမလို့လဲ . . . "

"ဟိုနေ့က နေရာပဲ သွားကြမှာပေါ့ . . . ခိုင့်ဘိုးဘိုး ရှိသလား . . . သွားကြည့်ရအောင်လေ . . . "

ခိုင်သည် ကြောက်အားလန့်အားနှင့် ကျွန်တော့်ကို ဖက်သည်။ ဘာကြောင့်မသိ၊ ခိုင်၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်နေသည်။ ကျွန်တ်လည်း ဘာလုပ်ရမှန်း မသိ။

ထိုစဉ် ကျွန်တော်တို့နောက်ပါးမှ ခြေသံကြားရသည်။ ထိတ်လန့်တကြားဖြင့် ကျွန်တော်တို့ လှည့်ကြည့်လိုက်သောအခါ ပြုံးချိုစွာဖြင့် လျှောက်လာနေသော ဖေဖေ့ကို တွေ့ရသည်။

"ဩော် . . . မောင်နဲ့ ခိုင်ပါလား၊ ခိုင် လျှောက်မကစားရသေးဘူးနော်၊ အအေး ပြန်မိဦးမယ်။ သွား . . . သွား . . . အိမ်ထဲသွား ပီယာနိုတီးကြ . . . "

ကျွန်တော်သည်လည်း ယခုမှ သတိရမိ၏။ ထို့ကြောင့် ခိုင့်ကို အိမ်တွင်း ပီယာနိုရှိရာသို့ ဆွဲခေါ်လာခဲ့သည်။ ပီယာနိုခုံပေါ်၌ ခိုင့်ကို ခေတ္တထားခဲ့ပြီး ကျွန်တော်သည် ကျွန်တော့်အခန်းသို့ ပြေးတက်ကာ

ကျွန်တော် တရိုတသေ သိမ်းထားသော တမာရွက်ကလေးများကို ယူခဲ့သည်။

" ဒီမှာကြည့်စမ်း ခိုင် . . . ခိုင်ပေးထားတဲ့ တမာရွက်ကလေးတွေ "

ခိုင်သည် သူ့တမာရွက်လေးများကို ကြည့်ပြီး ပြုံးရွှင်လာ၏။

"အို . . . မောင်က ခိုင့်သစ်ရွက်ကလေးတွေကို တကယ်သိမ်းထားတယ်နော်"

"သိမ်းထားတာပေါ့ . . . ပြီးတော့ မောင်တို့ မနှစ်ကဆိုတဲ့ သီချင်းကို ပြန်တီးကြရအောင် "

ကျွန်တော်သည် သာဆန်းရဂုံဘွဲ့ပတ်ပျိုးကို စတီးသည်။

"သာဆန်းရဂုံဘွဲ့၊ ညင်းပြေပြေ . . . လေပြည်လောင်း၊ ညှာခြွေစိမ်းရင့်မောင်း . . . . ညောင်းရွက်ကယ်တည့် ကြွေလေဟန် . . . မြညှာရွှေရည်စံ . . . "

ခိုင်သည် ပတ်ပျိုးကို ပိုင်ပိုင်နိုင်နိုင် မဆိုတတ်သေး။ သို့ရာတွင် သူပိုင်သော အပိုဒ်၌မူ လိုက်လိုက်လှဲလှဲ ဝင်ဆိုရှာ၏။

" ဇင်မင်းက လှိုင်လှိုင်ထွေ၊ စိန်ချပ်ရုံ မှုန်ရွှေဝတ်ကယ် လေညှာန်လာလို့ယိုင် ကြွေလုစုံမြိုင်၊ တွေမှိုင်ကာမော . . . ဖြေနိုင်အောင်၊ အို . . . . မယ်မောင် သံစာစာ ကျူးလာဖော်ချင်းနှံ့ " မိုးတွင်းတစ်ကြိမ် ပြန်ရောက်ခဲ့ပြန်သည်။

ကြိုင်က ကောလိပ်သို့ ပြန်သွားသည်။ ကျွန်တော်တို့ကလည်း ကျောင်းပြန်တက်ကြသည်။ ယခုနှစ် ကျောင်းတက်ရာ၌ ထူးခြားမှုတစ်ခုပေါ်လာသည်။

လှိုင်သည် ကျွန်တော်တို့ကျောင်း၌ ကင်ဒါဂါဒင်(အေ) ခေါ် သူငယ်တန်းလေး၌ စတင်ကျောင်းတက်ခြင်း ဖြစ်ပေသတည်း။

အစပထမသော် လှိုင်သည် မြိုင်တို့နှင့်အတူ လိုက်ကျောင်းတက်သည်။ ကျောင်းရည် အတန်ဝသောအခါ လှိုင်ကလေးသည် ဘာကိုသဘောကျသည်မသိ။ မြိုင်တို့ အပျိုတစ်သိုက်နှင့် မလိုက်တော့ဘဲ ကျွန်တော်၊ ခိုင်၊ ငြိမ်းမောင်တို့အသိုက်နှင့် လိုက်သည်။

ကျောင်းသို့သွားလျှင် ခိုင်သည် ဟိုဆော့ သည်ဆော့ လုပ်ချင်သည်။ လှိုင့်ကို ဂရုစိုက်ရသောတာဝန်ပိုလာသဖြင့် ခါတိုင်းနှစ်ကဲ့သို့ ခိုင့်အား ကျွန်တော် အလိုမလိုက်နိုင်တော့။ ထိုအခါ ခိုင်ဆိုးလေသမျှ ဒဏ်ကို ငြိမ်းမောင် ခံရသည်။

လှိုင့်ကို ကျွန်တော်က လက်တွဲ၍ ခေါ်ရသည်။ တစ်ခါတစ်ရံ လှိုင်သည် ခိုင့်နည်းတူ ရေမြောင်းများ၊ ဗွက်အိုင်များဆီသို့ ပြေးသွားသောအခါ ကျွန်တော်က လိုက်ဖမ်းရသည်။ လှိုင်ငိုသောအခါ ကျွန်တော်က ပွေ့ချီ၍ ကျောင်းသို့ရောက်သည်အထိ ချော့မော့ခေါ်လာရသည်။

ဤသည်ကို ခိုင်က မကျေနပ်။" ဒီကောင်မလေးက သိပ်ရှုပ်တာပဲ၊ မောင် သူ့ကို အလိုမလိုက်နဲ့ . . . "

" ဩော် . . . ခိုင်ကလည်း လှိုင်က ကလေးပဲ ရှိသေးတာပဲ၊ ခိုင်တောင် ဆိုးသေးတာ " ကျွန်တော်တို့ ပြောသောစကားကို လှိုင်သည် ကောင်းစွာနားလည်၏။ ထိုအခါ လှိုင်သည် သဘောကျစွာရယ်တတ်ပြီး ခိုင်ကမူ စိတ်ကောက်၍ တစ်နေ့လုံး စကားမပြောဘဲ နေလေ့ရှိသည်။

ကျွန်တော့်ကို စကားမပြောသည်အား စိတ်မဆိုး။ သို့ရာတွင် ခိုင်သည် ကျွန်တော့်အား စိတ်ဆိုးတိုင်း ငြိမ်းမောင်ကို ဖိနိုင်တတ်၍ ဟုတ်ကြိုင်တို့အသိုက်နှင့် သွားသွားတွဲသည်။

ဟုတ်ကြိုင်တို့နှင့် တွဲသည်ကို မကြိုက်သော ကျွန်တော်က မာန်မဲသည်။ ကျွန်တော် မာန်မဲသောအခါ ဘာမျှပြန်မပြောတတ်။ မျက်ရည်လည်လည်ဖြင့် ငြိမ်နေတတ်သည်။ သို့ရာတွင် ဟုတ်ကြိုင်တို့နှင့် တွဲမြဲတွဲသည်။

ဤအကြောင်းကို ကျွန်တော်က မြိုင့်ကို တိုင်သည်။ မြိုင်သည် အပျိုတစ်သိုက်နှင့် ကျောင်းမသွားတော့ဘဲ ကျွန်တော်တို့တစ်သိုက်နှင့် လိုက်၏။ လှိုင့်အတွက် ထမ်းရသော ကျွန်တော့်တာဝန်များကို မြိုင်ကဝင်ယူခြင်းဖြစ်သည်။ ခိုင်ကလည်း ဤသည်ကို ကျေနပ်ဟန်တူသည်။ ဟုတ်-ကြိုင်တို့နှင့် မတွဲပြန်တော့ . . . ။

ဤသို့ဖြင့် မြိုင်၊ ခိုင်၊ လှိုင် ညီအစ်မသုံးဦးနှင့် ကျွန်တော်၊ ငြိမ်းမောင်တို့သည် အေးချမ်းပျော်ရွှင်စွာ ကျောင်းဆက်တက်ကြသည်။

ကျွန်တော်တို့က အေးချမ်းပျော်ရွှင်စွာရှိသော်လည်း ကမ္ဘာလောကကြီးမှာမူ မအေးချမ်း . . . ။

ထိုနှစ် သီတင်းမကျွတ်မီ စက်တင်ဘာလအတွင်း ထိုစဉ်က ကျွန်တော်တို့ကလေးများအတွက် အဓိပ္ပာယ်မပြည့်သော်လည်း လူကြီးများအတွက် ကြောက်မက်ဖွယ်ကောင်းသော သတင်းကြီးတစ်ရပ် ထွက်ပေါ်လာ၏။

ကျွန်တော် မှတ်မိသမျှ ထိုခေတ်သတင်းစာများ၌ ဒန်းဇစ်မြို့အကြောင်း အထူးရေးသားထားသည်ကို တွေ့ရ၏။ ဒန်းဇစ်မြို့သည် ပိုလန်ပြည်က ပိုင်နေသည်ဆို၏။ ဒန်းဇစ်မြို့ကို ဂျာမနီပြည်က လိုချင်သည်။

ဂျာမနီပြည်၏ အာဏာရှင်မှာ ဟစ်တလာဖြစ်ကြောင်း ကျွန်တော်တို့ သိရသည်။

သန်လျင်သဘော်ာဆိပ်နှင့် ကျောက်တန်းဆီသို့ပြေးသော ခရီးသည်တင်မော်တော်ကားများရှိသည်။

မော်တော်ကားတိုင်း၌ နာမည်ရှိသည်။ ကြွေဌာရုံ၊ တော်လေးဝ၊ ခင်တို့မောင်၊ ပျို့မေတ္တာ၊ အေဝမ်း၊ စေတနာ၊ တိုးတိုးလေး၊ ရဲရဲတောက်၊ ဒို့သခင်၊ အောင်ဇေယျ စသည်ဖြင့် စိတ်ကူးတည့်ရာ ပေးထားကြသည်။

ၚင်းတို့အနက် ကားကြီးတစ်စင်းမှာ ရှည်လျား၍ ကြီးမားသည်။ အရောင်မှာလည်း အညိုပုပ်ရောင်ဖြစ်သည်။ ၚင်းကားကြီး၏ အမည်ကား ဟစ်တလာ ဟုခေါ်သည်။

သတင်းစာများ၌ ဟစ်တလာ၏ နာမည်သည် မကြာခဏ ပါတတ်သည်။ ကျွန်တော်တို့အတွက်မူ ဟစ်တလာ နာမည်ကြားတိုင်း အညိုပုပ်ရောင်ကားကြီးကို မြင်၏။

ဤသို့ အညိုပုပ်ရောင်ကားကြီးအဖြစ် ကျွန်တော်တို့ နားလည်ထားသော ဂျာမနီအာဏာရှင် ဟစ်တလာသည် ပိုလန်ပြည်ကို ဝင်တိုက်သည်ဆို၏။ ပိုလန်ပြည်ကို ဟစ်တလာက ဝင်တိုက်သဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမနီကို စစ်ကြေညာသည်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





ကွန်ဒိုအခန်းရောင်းမည်
(ဗ)ရပ်ကွက်၊ပြမှာ၊ စိုးလမ်း၊တောင်ဥက္ကလာ
... (၁၂ ... ၅၇) ပေ Lift,
Garden, Tile, CCTV,
(Model Room ပါလျှ တွင်ကြည့်နိုင်သည်)
သိန်း(၁၅၀၀) ...
Ph:09-798843668,09-795836437

**အမြန်ရောင်းမည်**
တစ်နှစ်ခွဲခန့်အသုံးပြုပြီး
အသစ်နီးပါးကောင်းမွန်သော
Ultrasound, X-ray, ECG
နှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံ
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-
09-799570677, 09-799570580



# ရေများခန်းခြောက်နေသည့်ကျေးရွာများသို့ ရေများလှူဒါန်းရန် လူမှုရေး အဖွဲ့အစည်းများ တိုက်တွန်းလှုံ့ဆော်



**ပဲခူး မေ ၂၄**

ပဲခူးမြို့နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းများမှ ဦးဆောင်သူလူငယ်အချို့သည် ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်းရှိ သောက်သုံးရေများခန်းခြောက်နေသည့်ကျေးရွာများသို့ ရေများလှူဒါန်းရန် လှုံ့ဆော်ပေးလျက်ရှိနေကြောင်း ပဲခူးမြို့ခံပြည်သူများထံမှ သိရသည်။

ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း ကသာကုန်း၊ ရွှေလှေစု၊ ကပင်ရွာ အစရှိသည့်ကျေးရွာကိုးရွာခန့်တွင် ရာသီဥတုပူပြင်းသည့်အတွက် ရွာအတွင်းရှိ သောက်သုံးရေကန်များ ခန်းခြောက်လျက်ရှိနေပြီး ကျေးရွာနေပြည်သူများအနေဖြင့် နောက်ကျိနေသည့်ရေကန်များမှရေကိုစစ်ပြီး သောက်သုံးနေရသောကြောင့် သောက်သုံးသူများ၏ကျန်းမာရေးကို စိုးရိမ်နေရကြောင်း ဒေသခံများက ပြောသည်။ မိမိတို့ရွာများ၏ ရေအခက်အခဲကိုသိရှိပြီး လာရောက်လှူဒါန်းကြသည့် ယခင်နှစ်က မြို့နယ်အသီးသီးမှ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများကို ယခုစောင့်မျှော်နေရကြောင်း၊ မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များကလည်း ရေသယ်မော်တော်ယာဉ်များနှင့် လာရောက်လှူဒါန်းကြပြီး ယခုကြုံတွေ့နေရသည့်သောက်သုံးရေအခက်အခဲကို ယခင်နှစ်ကအလှူရှင်များ သိစေလိုကြောင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများကို လည်း သိစေလိုကြောင်း ရေပြဿနာကြုံတွေ့နေရသည့် ပြည်သူများက ပြောသည်။

**ကိုလတ်(ပဲခူး)**

# ယာဉ်ရပ်နားရန်နေရာပါရှိမှသာ လေးထပ်နှင့်အထက် ဟိုတယ်နှင့် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုမည်

**မန္တလေး မေ ၂၄**

မန္တလေးမြို့တွင်းလမ်းမကြီးများတွင် မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် လေးထပ်နှင့်အထက် ဟိုတယ်နှင့် အခြားအဆောက်အအုံများ ဆောက်လုပ်လိုပါက မော်တော်ယာဉ်ရပ်နားရာနေရာအတွက် သတ်မှတ်စည်းကမ်းနှင့်အညီ လုံလောက်စွာပါရှိမှသာ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးထားကြောင်း သိရသည်။

မန္တလေးမြို့တော်သည် မြန်မာနိုင်ငံအလယ်ဗဟိုတွင်တည်ရှိပြီး အိမ်နီးချင်း အိန္ဒိယနှင့် တရုတ်နိုင်ငံများနှင့် ဆက်သွယ်သွားလာနိုင်ကာ ကုန်သွယ်မှုအချက်အချာကျသဖြင့် ဒေသအသီးသီးမှ အခြေချနေထိုင်မှု များပြားလာသည်။ ယင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြအိမ်ရာများလည်း တိုးတက်များပြားလာခဲ့သည်။

လူဦးရေများပြားလာကာ ယာဉ်သုံးစွဲမှုများပြားလာသောကြောင့် ယာဉ်ရပ်နားရန် နေရာအခက်အခဲများရှိလာသည်။ ယင်းအပြင် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှုမှာလည်း များပြားလာသဖြင့် ဟိုတယ်ကြီးများလည်း တည်ဆောက်မှုများပြားလာခဲ့သည်။ ဟိုတယ်လုပ်ငန်းရှင်အများစုသည် မော်တော်ယာဉ်ရပ်နားရန် နေရာများမရှိဘဲ အထပ်မြင့်ဟိုတယ်များ ဆောက်လုပ်မှုများလည်း ရှိလာကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အရက်အတူသောက်ရာမှ လူသတ်မှုဖြစ်ပွား

**မူဆယ် မေ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မော်တောင်းအုပ်စု ကောင်းဝှက်ကျေးရွာတွင် အရက်အတူသောက် ရာမှ လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အောင်ထွန်း၊ အိုက်ဆိုင်၊ စွေ့ပန်းဆန် သမီးယောက်ဖသုံးဦးသည် အိမ်နီးချင်းဖြစ်သူ ညီဒဲနှင့် အရက်အတူသောက်နေစဉ် အိုက်ဆိုင်က ညီဒဲအားအော်ဟစ် ဆူညံခြင်း မပြုရန် ဟန့်တားခဲ့သည်။ ညီဒဲမှာ စိတ်ဆိုး၍ အိမ်ပြန် ဝါးရင်းတုတ်ယူကာ အိုက်ဆိုင်အား စိန်ခေါ်သည်။ အိုက်ဆိုင်ထွက်သွားပြီးနောက် အော်ဟစ်ရိုက်နှက်သံများကြားသဖြင့် ကျန်ရှိသူများမှသွားရောက်ကြည့်ရှုရာ အိုက်ဆိုင်သည် ဦးခေါင်းနောက်စေ့ဒဏ် ရာဖြင့် လဲနေပြီး ညီဒဲမှာကိုင်ထားသော အရှည် လေးပေခန့်ရှိ ဝါးရင်းတုတ်ကို လွှတ်ချထွက်ပြေးသွားသည်။

အိုက်ဆိုင်မှာ ရရှိသောဒဏ်ရာဖြင့်သေဆုံးခဲ့သဖြင့် အစ်ကိုဖြစ်သူ အောင်ထွန်းက တရားလိုပြုတိုင်ကြားခဲ့ရာ (ပ) ၁၃၈/၁၅၊ ပြစ်မှုပုဒ်မ (၃၀၂)ဖြင့် မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ဆရာမောင်(မူဆယ်)**

# ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့်မတည်၍ လူထုထည့်ဝင်ငွေဖြင့် ကျေးရွာချင်းဆက်လမ်း ဖွင့်လှစ်

**တိုက်ကြီး မေ ၂၄**

တိုက်ကြီးမြို့နယ် ဖလုံကျေးရွာနှင့် ဂေါ်ရင်ဂျီကျေးရွာကိုဆက်သွယ်သည့် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို အဆိုပါမုခ်ဦးတွင် မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လမ်းဖွင့်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟန်စိန်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှတင်တို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၅၀ သိန်းမတည်ပြီး ဒေသခံပြည်သူများမှ လှူဒါန်းငွေကျပ်သိန်း ၁၄၀ စုစုပေါင်းကျပ်သိန်း ၁၉၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လမ်းအကျယ် နှစ်ပေခွဲ၊ ဒု ခြောက်လက်မ၊ နှစ်လမ်းသွားကွန်ကရစ်လမ်းဖြစ်ပြီး ပေအရှည် ပေ ၁၉၀၀ ရှိကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**




yi&iu , wia&mi;rn (nEi;aps;)

၁။ သန်လျင်၊ သီလဝါဇုန်အနီး၊ လက်ယက်စမ်း၊ လမ်းကျယ်၊ ဉယျာဉ်ခြံမြေ (၀. ၃၃) ဧက၊ (၇၅ ပေ× ၁၉၅ပေ)၊ ပုံစံ (၁၀၅/ရ) ထွက်ပြီး အမည်ပေါက် ကိုယ်တိုင်၊ တစ်ထပ် BN ၊ ရေမီးစုံ၊ ခြံစည်းရိုးခတ်ပြီး။

၂။ သန်လျင်ကျောက်တန်းလမ်းမပေါ်တွင် ဉယျာဉ်ခြံမြေ (ပေ၈၀×ပေ၆၀)

ဖုန်း-၀၉ ၂၅၀၁၇၃၂၆၁၊ ၀၉၇၉၉၉၃၂၉၆၉၊ ၀၉၇၃၂၀၇၄၉၄

(အကျိုးဆောင်များလည်းဆက်သွယ်နိုင်ပါသည်။)




INVITATION TO OPEN TENDER
MYANMA RAILWAYS

Opened Tenders are invited by Myanma Railways, Ministry of Rail Transportation, the Republic of the Union of Myanmar from reputed manufacturers or their bona fide agents from the Republic of India for the supply and delivery of the following:-

| Sr No | Tender No | Description | Tender Issuing Date | Tender Closing Date & Opening Date | Tender Document Fee(per set) |
|---|---|---|---|---|---|
| 1 | 2/MR/INDIA(M) 2015-2016 | Machinery (4) Items | 27.4.2015 | 29.7.2015 | US$ 100 |
| 2 | 3/MR/INDIA(M) 2015-2016 | Major Parts and Spare Parts for Diesel Electric Locomotive (420) Items | 27.4.2015 | 30.6.2015 | US$ 100 |
| 3 | 4/MR/INDIA(M) 2015-2016 | Spare Parts for Carriage & Wagons (41) Items | 27.4.2015 | 30.6.2015 | US$ 100 |
| 4 | 5/MR/INDIA(M) 2015-2016 | (300)Nos. Meter Guage Barber Type Ride Control Bogies Complete for New Wagon Construction (1) Item | 27.4.2015 | 30.6.2015 | US$ 100 |
| 5 | 6/MR/INDIA(M) 2015-2016 | Diesel Rail Crane 60 Tons (at 9 M radius and 360° slew) (1)Item | 27.4.2015 | 29.7.2015 | US$ 100 |
| 6 | 7/MR/INDIA(E) 2015-2016 | Ballast Cleaning Machine (2) Items | 27.4.2015 | 29.7.2015 | US$ 100 |
| 7 | 8/MR/INDIA(E) 2015-2016 | Track Geometry Measuring Trolley(6)Nos Rail-Road Excavator with Five Attachments(5)Nos, Self-Propelled Trolley for Ultrasonic Rail Inspection(2)Nos and Track Off-Trackable Tamping Machine (6) Nos | 27.4.2015 | 29.7.2015 | US$ 100 |
| 8 | 9/MR/INDIA(E) 2015-2016 | Small Track Maintenance Machines (10) Items | 27.4.2015 | 29.7.2015 | US$ 100 |
| 9 | 10/MR/INDIA(E) 2015-2016 | Cast Manganese Steel Crossing and Head Hardened Switch for Turnout (without Sleeper Bearers) and Adaptor Rail with fishing devices (50 Kg. rail Vs BS 75 R Rails)(2) Items | 27.4.2015 | 30.6.2015 | US$ 100 |
| 10 | 11/MR/INDIA(E) 2015-2016 | Spare Parts for Track Maintenance machines (1) Item | 27.4.2015 | 30.6.2015 | US$ 100 |

Tender Documents are available at the Office of the Deputy General Manager/Supply, Myanma Railways, Corner of Theinbyu Street and Merchant Street, Botahtaung Township, Yangon, the Republic of the Union of Myanmar during office hours on payment of non refundable fee as stated above. Tender Documents can be also available at the Embassy of the Republic of the Union of Myanmar, New Delhi, India. Further enquiries about tender can be made to Managing Director, Myanma Railways(Fax No. 95-67-77016) by fax or by phone to 95-67-77001, 95-67-77005, 95-1-291994 during office hours.

Bids are to reach the office of the Deputy General Manager/Supply, Myanma Railways, Corner of Theinbyu Street and Merchant Street, Botahtaung Township, Yangon, Myanmar on or before the Closing Date and Time. The Bids will be opened publicly at 13:00 hour on the Closing Date at the above address.

All Bids not accompanied by earnest money (Bid Bond) will not (not) be considered. No Telegraphic / Telex/ Fax/ e-mail proposal will be considered or accepted.

Myanma Railways reserves the right to reject any or all tenders without furnishing reasons. Tender will be accepted only from Bidder who has purchased Tender Documents officially. (Those tender documents purchased through Embassy must declare for whom they are purchased.)

The above Goods are to be purchased by the proceeds of the loan from the Government of the Republic of India.

Managing Director, Myanma Railways.
Ministry of Rail Transportation, Nay Pyi Taw, Myanmar

ဆောင်းပါး

# ရှေးဟောင်း ပေစာ၊ ပုရပိုက်စာများ ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ပါ

**à** သန့်ဇင်ဝင်း

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားစာကြည့်တိုက်ခွဲ (ရန်ကုန်) တွင် မတ် ၁၃ ရက်ကကျင်းပခဲ့သော စာကြည့်တိုက်ပညာဖိုရမ်တွင် ပေစာ၊ ပုရပိုက်စာများ ထိန်းသိမ်းခြင်းနှင့် သုတပညာရပ်များကို ဆရာမကြီးဒေါ်တင်အုန်းနွယ်၊ ဆရာကြီးဦးညွန့်မောင်၊ ဦးမောင်မောင်သိန်း၊ ဦးအောင်မြတ်ကျော်တို့က မျှဝေပေးခဲ့ကြသည်။

ပေစာများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် သာသနာသက္ကရာဇ် ၄၅၀ မှစပြီး သီရိလင်္ကာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ သထုံပြည်၊ သထုံမှ ပုဂံခေတ်သို့ အနော်ရထာမင်းလက်ထက်ကပင် ပိဋကတ်ကျမ်းပေစာများ ရောက်ရှိခဲ့ပြီး အင်းဝခေတ်တွင် ကျယ်ပြန့်စွာ ထွန်းကားလာခဲ့ကြောင်း ဦးမြတ်ကျော်ရေးသားထားသည့် စာပေဗိမာန်စာမူဆုရ 'မြန်မာ့ရိုးရာအမွေအနှစ် ရှေးဟောင်းပေစာပုရပိုက်စာ' စာအုပ်တွင် ဖော်ပြထားသည်။

ပေရွက်ကို ခူးယူပြီးသည်နှင့် ကညစ်ဖြင့်ရေးသားရန်အတွက် အကျောသတ်ချောခြင်း၊ ပေရွက်အခြောက်ခံခြင်း၊ ရေစိမ်ခြင်းစသည်ဖြင့် အသင့်ရေးနိုင်ရန် အဆင့်ဆင့် အချိန်ပေးလုပ်ဆောင်ခဲ့ကြသည်။ ပေစာကို ကညစ်ဖြင့် စကားလုံးများကို ကျစ်လျစ်စွာဖြင့် ဘေးအနားညီစွာ ရေးသားခဲ့ကြသည်။ ပေစာများကို ရေးပြီးနောက် ထိန်းသိမ်းရာတွင် ရှေးယခင်ကတည်းက ရေနံချေးကိုသာသုတ်လိမ်းကာ သိမ်းဆည်းခဲ့ကြသော်လည်း နောက်ပိုင်းတွင် အဆင့်မြင့်နည်းများသုံးကာ ထိန်းသိမ်းလာကြသည်။

ပေစာပြုလုပ်ခြင်းဆိုင်ရာ အနှစ်ချုပ်တွင် ကျမ်း-ပေစာရွက်များအား အထက်၊ အောက် ညှပ်ထိန်းပေးသည့်သစ်သားပြား၊ ပလ္လင်ပေါက်-ပေစာ၏ သုံးချိုးတစ်ချိုးတွင်ဖောက်ထားသည့် ထိန်းရန်အလယ်ပေါက်၊ ပလ္လင်တိုင်- ပလ္လင်ပေါက်တွင် စိုက်ထားသည့် ဝါးတူကဲ့သို့ ဝါးတိုင်လေးများ၊ ရှေ့ပလ္လင်-ပလ္လင်ပေါက်နှစ်ခုအတွင်းရေးသားထားသည့် ပထမစာချပ်၊ နောက်ပလ္လင်-ပလ္လင်ပေါက်၏ နောက်ဆုံးစာချပ်၊ ပလ္လင်ခံစသည်ဖြင့် များစွာပါဝင်ပါသည်။ ပေစာတွင်ပါဝင်သည့်ပစ္စည်းများမှာ စာထုပ်ကြိုး၊ စာထုပ်ပုဝါ၊ စာပလွေ၊ စာစည်းကြိုး၊ ကမ္မည်းတံ၊ ထန်းဖူးစာ၊ တစ်ကြောင်းစာချွန်၊ နှစ်ကြောင်းစာချွန်၊ စာခွေ၊ ပေခွာကိရိယာ (ပေခွာသန်လျက်)၊ စာတိုက်၊ စာထုပ်ကြိုးစာ စသည်တို့ ပါဝင်ကြသဖြင့် ရှေးခေတ်ပေစာပြုလုပ်မှုအဆင့်ဆင့်မှာ ခက်ခဲနက်နဲလှသည်။

ပေစာများသည် ရှေးမြန်မာမင်းများလက်ထက်က ကျောက်စာများနောက်ပိုင်း အသုံးပြုလာသည့် စာရေးကိရိယာများဖြစ်ခဲ့သည်။ ပေစာများကို အိန္ဒိယနိုင်ငံမှ တစ်ဆင့် ပါဠိစာပေများပြန့်ပွားလာရာမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီးနောက် ကျယ်ပြန့်စွာအသုံးပြုလာခဲ့ကြခြင်းဖြစ်သည်ဟု ဒေါ်တင်အုန်းနွယ်က ပြောသည်။ ပေပင်မှရသော ပေရွက်ကို အပင်ပေါ်တွင် အခြောက်ခံ မြေမကျစေဘဲ ရရှိလာသည့်ပေရွက်သည် အရည်အသွေးကောင်း ကြာရှည်ခံနိုင်သည့်အတွက် ခက်ခဲစွာ ပေစာပြုစုခဲ့ကြရသည်။

ပေစာကိုထုပ်သည့် ပေထုပ်နှင့် ပေစာကိုထိန်းပေးသည့် ပေထိန်းများမှာ စည်းကမ်းကျနစွာ ရှေးမြန်မာတို့ အသုံးပြုခဲ့ပုံကို အထင်ကရစာကြည့်တိုက်များတွင် လေ့လာနိုင်ပေသည်။ အပင်မှရသော ပေရွက်မှာ ပါးလွှာလွန်းသဖြင့် အောက်တွင်ချမရေး သံချောင်းချွန်ဖြင့် လက်ပေါ်တွင် သာရေးခဲ့ကြသဖြင့် မြန်မာပေစာရေးသူများကို အင်္ဂလန်တို့က လက်ကိုဖြန့်ပြီး စာရေးနေသူများဟု အသိအမှတ်ပြုခဲ့ကြသည်။ ထိုသို့ ပေစာကို ခက်ခဲစွာပြုစုရေးသားခဲ့ကြရသလို တန်ဖိုးလည်းထားခဲ့ကြသည်။ ပေထိန်းများမှာ ဝါးတူကဲ့သို့ ပေစာရွက်အလယ်တစ်ဖက်တစ်ချက်တွင် ထိုးသွင်းထားသည့် ဝါးတူချောင်းနှစ်ချောင်းဖြစ်ပြီး ပေထုပ်များမှာမူ ရွှေပေထုပ်၊ ငွေပေထုပ်၊ ကြေးပေထုတ်များပင် ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ပေစာများကို ဗြိတိန်နိုင်ငံသားတစ်ဦးက လေ့လာပြီး ပေထိန်းအကြောင်း စာအုပ်ရေးသားရာ ဗြိတိန်နိုင်ငံတွင် ရောင်းအားကောင်းပြီး အမြတ်များ ရရှိခဲ့ကြောင်း သိရသည်။

အဘယ့်ကြောင့်ဆိုသော် မြန်မာပေစာများသည် ဗြိတိသျှနိုင်ငံများတွင် မည့်သည့်ဘာသာကိုးကွယ်ရမည်မှန်းမသိသေးသည့်အချိန်တွင် ပေါ်ပေါက်ခဲ့သဖြင့် မြန်မာလူမျိုးများသည် စာပေတွင် အစောဆုံးသူများဟု ယူဆရမည်ဖြစ်သည်။

ပေစာများကို နှစ်ပေါင်း ၁၀၀၀ ကြာခံနိုင်မည်ဆိုသော်လည်း လက်ရှိတွင် နှစ် ၅၀၀ ကျော်က ပေစာများကိုသာ တွေ့ရှိထိန်းသိမ်းနိုင်သည်ကို တွေ့ရသည်။ ပေစာများကို အင်းဝခေတ်တွင် မြန်မာတို့အများဆုံးအသုံးပြုခဲ့ကြောင်း ပေလေးပင် ရှင်လေးပါးဟုပင် တင်စားခဲ့သည့် အထောက်အထားများရှိခဲ့သည်။ ပေစာများကိုတွေ့ရှိပါက ထိန်းသိမ်းသည့်နေရာများသို့ အကြောင်းကြားပေးသင့်ကြောင်း ဖိုရမ်တွင် ဆွေးနွေးခဲ့ကြသည်။

ထိုရှေးဟောင်းပေစာများကို ထိန်းသိမ်းရန် အရေးကြီးသလို ထိန်းသိမ်းနည်းကိုလည်း သိရှိထားရန် လိုအပ်ပေသည်။ ပေစာများကို အကောင်းဆုံးထိန်းသိမ်းနည်းမှာ ကပ်နေသည့်ဖုန်မှုန့်ကို ပြောင်အောင် တစ်ဖက်သတ်သုတ်ကာသန့်စင်ပြီး စပါးလင်ဆီဖြင့်သုတ်လိမ်းထားပါက ကောင်းမွန်စွာ သိမ်းထားနိုင်ကြောင်း၊ စပါးလင်ဆီမရှိပါက ပေစာအားသန့်ရှင်းပြီးနောက် ရေနံချေးနှင့် နနွင်းခါးမှုန့်တို့ဖြင့် သုတ်လိမ်းပြီးနောက် လေဝင်လေထွက်ကောင်းသည့် အလင်းရရှိသော၊ မိုးလုံ၊ နေလုံပြီး ပိုးမွှားရန်ကင်းသည့် အခန်းများတွင် ထိန်းသိမ်းထားသင့်ကြောင်း၊ ပေစာများကို မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားထိန်းသင့်ကြောင်း၊ ယခုအခါ ပေစာများကို စပယ်လင်ဆီသုတ်လိမ်းပြီး မိုက်ကရိုဖလင်များဖြင့်ပင် ထိန်းသိမ်းနေပြီဖြစ်ကြောင်း ဆရာမကြီး ဒေါ်တင်အုန်းနွယ်က ပေစာသုတမျှဝေ ပြောကြားခဲ့သည်။

၁၃ ရာစုနှစ်မှာ အီတလီနိုင်ငံသားကုန်သည်များ လာရောက်သည့်အခါ ထိုပေစာပုရပိုက်စာများဖြင့် ကုန်စည်များရောင်းဝယ်ရာတွင် ရေးမှတ်ရာ အဆင်ပြေကြောင်း၊

***စာမျက်နှာ (၂၂) သို့***



**ရန်ကုန်တိုင်းဒေသကြီး (မြောက်ပိုင်းခရိုင်) လှိုင်သာယာမြို့နယ်အတွင်းရှိ ရွှေလင်ပန်း၊ အနော်ရထာ၊ ငွေပင်လယ်၊ ရွှေသံလွင် မွေးမြူရေးဇုန်နှင့် စက်မှုဇုန် (၁) မှ (၇) ထိ တည်ဆောက်ဖွင့်လှစ်ထားသည့် စက်မှုဇုန်အသီးသီးတို့၌ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နေကြသည့် ဒေသခံလုပ်သားများနှင့် တိုင်းဒေသကြီးအချို့မှ ရွှေ့ပြောင်းအလုပ်သမားများလိုအပ်လျက်ရှိသော အလုပ်သမားမှတ်ပုံတင်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာန (မြို့နယ်ရုံး) လှိုင်သာယာမြို့နယ်တွင် ဝန်ထမ်းများ အချိန်နှင့်တစ်ပြေးညီရရှိနိုင်စေရန် စိစစ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။**

သတင်းနှင့် ဓာတ်ပုံ - မင်းထက်ပိုင်(လှိုင်သာယာ)

KMD
Education Services
Hot Line:
700895,220555
၂၀၁၄ - ၂၀၁၅ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သော
ကျောင်းသား/သူများ အတွက် KMD မှပေးအပ်ချီးမြှင့်သော ပညာတော်သင်ဆု
First Year Diploma in Computing (NCC, UK)
ရရှိနိုင်မည့် ပညာတော်သင်ဆုများ -
ဘာသာစုံဂုဏ်ထူးရှင် - ၁၀၀%
၅ ဘာသာဂုဏ်ထူးရှင် - ၁၀၀%
၄ ဘာသာဂုဏ်ထူးရှင် - ၅၀%
၃ ဘာသာဂုဏ်ထူးရှင် - ၄၀%
၂ ဘာသာဂုဏ်ထူးရှင် - ၂၀%
၁ ဘာသာဂုဏ်ထူးရှင် - ၂၀%
Higher National Diploma (SQA, UK)
ပညာတော်သင်ဆု - ၅၀%

make your innovation
G-BOND
ALUMINIUM COMPOSITE PANEL
ISO 9001: 2008, ISO 14001 : 2004, OHSAS 18001
NO.1 BEST SELLING BRAND IN MYANMAR
PVDF Coated
Authorized Sole Distributor
KING METAL TRADING COMPANY LIMITED.
09 50 19019
09 51 42428

# ယခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတွင် အများပြည်သူ လှူဒါန်းသော အလှူငွေကျပ်သိန်း ၅၀၀၀ ကျော်ရရှိ

**ရွှေစက်တော် မေ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားကြီးတွင် ယခုနှစ်ပွဲတော်ရက်များ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများမှ နဝကမ္မဇေတီယအလှူငွေအဖြစ် လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော် ရရှိခဲ့ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ယခုနှစ်ဘုရားပွဲတော်ချိန်တွင် ဂေါပကအသစ်ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ဘုရားဖူးလာ ပြည်သူများ ပွဲတော်အတွင်း အခက်အခဲ စိတ်အနှောင့်အယှက်မရှိစေရန် မင်းဘူးခရိုင် စီမံကိန်း၊ မြို့နယ်စီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာ၊ ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ စသည့်ကော်မတီငါးရပ်ဖြင့် စနစ်တကျဖွဲ့စည်းခဲ့သည်။ ပွဲတော်တွင်း ဘုရားဖူးလာသူများ၊ ဆယ့်နှစ်ပွဲဈေးသည်များ၊ တည်းခိုဆောင်လုပ်ငန်းရှင်များ၊ ကျန်းမာရေး၊ လူမှုရေးကူညီစောင့်ရှောက်မည့်အဖွဲ့အစည်းများ၊ သဘာဝဘေးစသည့်ဘေးအန္တရာယ်များ မဖြစ်စေရန် ကူညီမည့်ဝန်ထမ်းများကို ဘုရားကြီးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဩဝါဒဆရာတော်ကြီးများ၏ လမ်းညွှန်ချက်ဖြင့် အခြေခံလစာသတ်မှတ်၍ ပွဲတော်ချိန်တွင်ခန့်အပ်ထားကြောင်း သိရသည်။

"ပွဲတော်ချိန်မှာ ဘုရားဖူးတွေနဲ့ဒေသခံတွေ အစစအရာရာပြေလည်အောင် မင်းဘူးသန္တိမီးသတ် ၁၄ ဦးကိုတစ်နေ့ ၁၂၀၀ ကျပ်၊ မင်းဘူးမြို့နယ်အရန်မီးသတ် ၁၄ ဦး တစ်နေ့ ၃၀၀၀ ကျပ်၊ စကုမြို့နယ်အရန်မီးသတ် ၃၇ ဦး တစ်နေ့ ၃၀၀၀ ကျပ်၊ အရန်စောင့် ၁၁ ဦး တစ်နေ့ ၃၀၀၀ ကျပ်၊ ယာဉ်မောင်းလေးဦး တစ်နေ့ ၃၀၀၀ ကျပ်၊ ကျန်းမာရေးတွက် ဝမ်းနှင့်ပတ်သက်သောရောဂါ အချိန်မီကာကွယ်ရန် ကျန်းမာသန့်ရှင်းဝန်ထမ်း ၆၀ ဦးကိုတစ်နေ့ ၃၀၀၀ ကျပ်၊ ဘုရားဖူးများလှူဒါန်းသည့်ငွေများ စနစ်တကျသိမ်းဆည်းနိုင်ရန် ငွေရေစာရေးမ ၂၄ ဦးကို တစ်နေ့ ၃၀၀၀ ကျပ်နဲ့ ဝန်ထမ်း ၁၆၄ ဦးခန့်ထားပါတယ်။ ဂေါပကအဖွဲ့ ၁၀ ဦးလည်း လစာနဲ့ခန့်ထားတာ အရင်နှစ်က တစ်နေ့ ငွေကျပ် ၂၅၀၀ ပဲရတာ။ ဘယ်လိုမှမလောက်ဘူးလို့ ယခုနှစ်အစည်းဝေးမှာ တင်ပြလို့ ဒီနှစ် တစ်နေ့ ၅၀၀၀ ကျပ် ရပါတယ်။ တစ်လကို ဝန်ထမ်းလခ သိန်း ၁၄၀ ကျော်ရှိပါတယ်။ ဝန်ထမ်းများကို ပွဲတော်တွင်းတင်ခန့်ထားတာပါ။ ဒီကုန်ကျစရိတ်တွေကတော့ ဘုရားကြီးဘဏ္ဍာငွေနဲ့သုံးရတာ။ မန်းရွှေစက်တော်ခြေတော်ရာမြတ်ဖွင့်ပွဲကနေ မေ ၁၇ ရက် ပိတ်ပွဲအပြီးထိ ဘုရားဖူးများလှူဒါန်းငွေ နဝကမ္မစေတီယကျပ်သိန်း ၅၀၀၀ ကျော် ရရှိပြီး ဘုရားကြီးဘဏ္ဍာငွေအဖြစ်ထားရှိပါတယ်" ဟု ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူးက ပြောသည်။

**ပိုင်ဇေ(မကွေး)**

# ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

**လေးမျက်နှာ မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကညင်တိုင်းကျေးရွာအုပ်စု တုံးတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဓမ္မစကူးလ်သင်တန်းဆင်းပွဲနှင့် လှော်ကထားကျေးရွာအုပ်စု လယ်ဦးစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲများကို မေ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တုံးတောဆရာတော်မှ သင်တန်းသူ၊ သင်တန်းသား ၃၀၀ ကျော်အား သင်တန်းဆင်း ဩဝါဒစကားမြွက်ကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်တို့က ဘာသာရေးဆိုင်ရာကိစ္စများလျှောက်ထားခဲ့သည်။

ယင်းနောက်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးတို့က ဆရာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဓမ္မစကူးလ်သင်တန်းအတွက် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းခဲ့သည်။

နံနက် ၁၀ နာရီတွင် ဝန်ကြီးများနှင့်အဖွဲ့သည် လယ်ဦးစုကျေးရွာတွင်ဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲတွင် လယ်ဦးစုဆရာတော်နှင့် ရန်ကုန် သရက်တော ကျောင်းတိုက်ဆရာတော် ဦးသုမနတို့က ဩဝါဒမြွက်ကြားခဲ့သည်။

ယင်းနောက် စည်ပင်သာယာရေးဝန်ကြီးက သင်တန်းအတွက် အလှူငွေကျပ်ခုနစ်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ဗလာစာအုပ်ဒါဇင် ၁၀၀ တို့ကို လှူဒါန်းခဲ့ပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဌေးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းကို ရန်ကုန်မြို့ ဓမ္မစကူးလ်အဖွဲ့နှင့် ဓမ္မရောင်ခြည်အဖွဲ့တို့မှ ဆရာ၊ ဆရာမများ လာရောက်သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**သီဟ(လေးမျက်နှာ)**

## လှိုင်းဘွဲ့တွင် အဘိုးအဘွား ၁၆၉ ဦးအား ပူဇော်ကန်တော့



**လှိုင်းဘွဲ့ မေ ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် တတိယအကြိမ်မြောက် စုပေါင်းဒါနအနေဖြင့် သက်ကြီးပူဇော်ပွဲကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကြာအင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းသက်ကြီးပူဇော်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် နယ်ခြားစောင့်တပ်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူတို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ နယ်ခြားစောင့်တပ် အထွေထွေအတွင်းရေးမှူး၊ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များက ကြာအင်းကျေးရွာ၊ ဝိုင်းထော်ကျေးရွာ၊ ကွမ်းတောကျေးရွာ၊ ကွီးလေးကျေးရွာများမှ အသက် ၁၀၀ နှစ်အထက်၊ အသက် ၉၀ နှစ်နှင့်အထက်၊အသက် ၈၀ နှစ်နှင့်အထက်ရှိ အဘိုး၊ အဘွား ၁၆၉ ဦးအား လက်အုပ်ချီကန်တော့၍ လှူဖွယ်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အရန်သားဖွား သင်တန်းလက်တွေ့ကွင်းဆင်း

**လိပ်သို မေ ၂၄**

လိပ်သိုမြို့ ပြည်သူ့ဆေးရုံ မေ ၂ ရက်မှစတင်၍ အရန်သားဖွားသင်တန်းလက်တွေ့ကွင်းဆင်းခြင်းပြုလုပ်သည်။ အဆိုပါ လက်တွေ့ကွင်းဆင်းခြင်းတွင် သင်တန်းသူ ငါးဦးတက်ရောက်ကြပြီး မြို့နယ်ဆရာဝန် ဒေါက်တာဇေယျာဦးနှင့် သူနာပြု ဆရာမများက လက်တွေ့သင်ကြားပြသကြသည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဟုသိရသည်။

**လိပ်သို(ပြန်/ဆက်)**










Condo ငှါးမည်။
ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်
1600 Sqft, 2MB, 1BR, LIVING, KICHEN, DINING
Ph : 09-5183656 09-5083539






## ရှေးဟောင်းပေစာ၊ ပုရပိုက်စာများ …… မှ

ပုရပိုက်စာများကို အဖြူပုရပိုက်နှင့် အမဲပုရပိုက်ဟူ၍ နှစ်မျိုးခွဲခြားထားပြီး အမည်းရောင်ပုရပိုက်မှာ မိသားစုရေးရာသာမန်သုံးဖြစ်ပြီး၊ အဖြူရောင်ပုရပိုက်များမှာ နန်းသုံးပုရပိုက်များဖြစ်သည်။ ပုရပိုက်ပန်းချီများမှာ ရှေးမြန်မာတို့၏ ပန်းချီနှင့် နန်းဓလေ့များကို ရေးဆွဲခဲ့ကြသဖြင့်ပုရပိုက်များကို မြန်မာ့ ယဉ်ကျေးမှု၏မိခင်များဟုပင် တင်စားခဲ့ကြသည်။ ပုရပိုက်ဆိုသည်မှာစက္ကူအရှည်ကြီးကို တစ်မိုက်လောက် ဘယ်ပြန်ညာပြန်အထပ် ၂၀၊ ၃၀ အညီခေါက်ထားသည့်စာပေဟုပင် ဒေါက်တာသန်းထွန်းကမှတ်သားခဲ့ဖူးသည်။

ပုရပိုက်များကို လျှော်ပင်များမှ လျှော်ဖြူခေါက်များမှ ထုတ်ယူခဲ့ကြသည်။ မိုင်းကိုင်စက္ကူ (ရှမ်းပြည်အခေါ်)၊ လျှော်ပင်များသည် သစ်ပွအမျိုးအစားများဖြစ်ကြပြီး မိုးရေချိန် ၇၀ လက်မ၊ ပင်လယ်ရေမျက်နှာပြင် ၂၀၀၀ ပေကျော်တွင် ပေါက်လေ့ရှိကြသည်။ မကွေးတိုင်း စလင်းမြို့နယ် သရက်ချဉ်ရွာမှာ ရှေးယခင်က ပုရပိုက်တန်းဖြစ်ခဲ့သည်။ ထိုလျှော်ဖြူများကို ၈ နာရီမှ ၁၂ နာရီထိ ဖွဲပြာထည့်ပြုတ်ပြီး ရေဆေးထုထောင်း၊ ပျော့ဖတ်ဖြစ်လာသည်။ ထို့နောက် အင်တွဲ၊ ထုံးဖြူ၊ ကင်မွန်းချဉ်တို့ဖြင့် စာရွက်ပုံစံခွက်ဖြင့် အခြောက်ခံပြီး ဂုဏ်ညင်းတို့ဖြင့် တိုက်ချောကာ အသုံးပြုခဲ့ကြသည်။ ယခုအခါ ဗြိတိန်၊ အမေရိကန်၊ နယူးယောက်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့တွင် ထိန်းသိမ်းထားသည်ကို တွေ့မြင်နိုင်ကြောင်း၊ သို့သော် မြန်မာနိုင်ငံရှိ တချို့ဒေသများတွင် ရှေးဟောင်းပေစာများကို ထင်းမီးမွှေးကာ အသုံးပြုနေကြသည်ကိုပင်တွေ့ခဲ့ရကြောင်း၊ ကလေးများကစားနေကြသည်များကို ၁၉၉၅ ခုနှစ်မတိုင်မီအထိ တွေ့ရှိခဲ့ကြောင်း၊ နိုင်ငံတော်က ထိန်းသိမ်းပြီးနောက်ပိုင်းတွင် ပေစာများထိန်းသိမ်းစောင့်ရှောက်မှုကဏ္ဍမြင့်တက်လာခဲ့ကြောင်း လွှတ်တော်စာကြည့်တိုက်မှူးက ပြောသည်။

ပေစာပြုလုပ်ပုံတွင် အဆင့်များစွာရှိပြီး ထိန်းသိမ်းနည်းများတွင်လည်း သိမ်းဆည်းပုံနည်းအဆင့်ဆင့်ဖြင့် စည်းကမ်းကျနမှုများစွာဖြင့် ရှေးဘိုးဘေးဘီဘင်များက ထားရှိခဲ့ကြသော်လည်း ခေတ်ပြောင်းလာသည်နှင့်အမျှ နောက်လူများက သိမ်းဆည်းနည်းများကို မေ့လာသည့်အပြင် ထိန်းသိမ်းရန်လည်း မသိတတ်ကြသဖြင့် တောရွာများတွင် ပေစာများစွာ ပျက်ဆီးခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ကျောင်းကြီးကျောင်းတိုက်တွင် ပေစာထုပ်များကို ဘုန်းကြီးကျောင်းသားကလေးများ ဆော့ကစားခဲ့ကြ၍ များစွာပျက်စီးခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။ ထိုကဲ့သို့ပင် ပေစာများ မြောက်မြားစွာပျက်ဆီးခဲ့ကြရသည်။ ပေစာများကိုပုဂံခေတ်ပျူစောထီးမင်းကပင် နောင်လာနောက်သားများအတွက် စတင်အသုံးပြုရန်တိုင်ပင်လုပ်ဆောင်ခဲ့ကြောင်း၊ ရှစ်ချက်ပါဝင်သည့် ဓမ္မသတ်ကျမ်းကိုပင် ဆရာငါးဦးက ပေစာဖြင့် ပြုစုကျင့်သုံးခဲ့ကြောင်း မှန်နန်းရာဇဝင် ပထမတွဲ စာ-၂၂၇ တွင်ဖော်ပြထားသည်။

အမွေအနှစ်ဟူသည် နောင်လာနောင်သားများအတွက်ဖြစ်သည့်အလျောက် ပေစာများကို ထိန်းသိမ်းခြင်းဖြင့် မြန်မာတို့၏ ဒြပ်ရှိယဉ်ကျေးမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေနှစ်ရပ်လုံးကို ထိန်းသိမ်းရာရောက်၍ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများ ထိန်းသိမ်းခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

# ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သစ်သားတံတားဆောက်လုပ်ပြီးစီး

**မိတ္ထီလာ မေ ၂၄**

မိတ္ထီလာမြို့နယ် ဆည်ကုန်း-ချုံစွန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရေကျော်တံတားကို မတ် ၇ ရက်မှ စတင်ဆောက်ရွက်ခဲ့ရာ အလျား ပေ ၃၀၊ အကျယ် ၁၄ ပေရှိ ကျောက်နံရံစီ သံပေါင်ရက်မ သစ်သားခင်းတံတားကို ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၅၀ ဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီဌာနမှ တာဝန်ယူကြီးကြပ်၍ ဒေသခံပြည်သူများမှ လုပ်အားဖြင့် ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ယခင်က မိုးတွင်းကာလတွင် ချုံစွန်းကျေးရွာမှ စက်မှုဇုန်သို့ သွားရောက်အလုပ်လုပ်ကြသည့် ရက်ကန်းလုပ်သားများနှင့် ဈေးသည်များ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရာတွင် အခက်အခဲများကြုံတွေ့ခဲ့ရကြောင်း၊ ဒေသထွက်သီးနှံများ သယ်ယူပို့ဆောင်ရောင်းဝယ်ရာတွင်လည်း ကားများ၊ ဆိုင်ကယ်များ သွားလာရခက်ခဲခဲ့ပြီး ကျန်းမာရေးတွင်လည်း သွားလာရအခက်အခဲကြုံတွေ့နေကြရာမှ ယခုအခါ သစ်သားတံတားကြီးပြီးစီး၍ ရာသီမရွေး သွားလာနိုင်တော့မည် ဖြစ်သည်။

မိတ္ထီလာမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသတ်မှတ်ခွင့်ပြုသော ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ ထောက်ခံတင်ပြထားသော ရပ်ကွက်၊ ကျေးရွာများက အမှန်တကယ်လိုအပ်လျက်ရှိသည့် လမ်းတံတားပြုပြင်ခြင်းလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ မီးလင်းရေးဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သုံးထပ် စာသင်ဆောင်သစ်ကြီး ဆောက်လုပ်မှု မကြာမီပြီးစီးမည်

**ကလေး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက် ၉ မိုင်တွင်ဖွင့်လှစ်သော တက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ဆောက်လုပ်သည့် အရှည် ၁၄၀ ပေ၊ အနံ ၃၀ ပေရှိ Steel Structure သုံးထပ်ကျောင်းဆောင်သစ်မှာ မကြာမီဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်အဆောက်အုံဆောက်လုပ်ရန်အတွက် အလှူရှင်များက ဘိလပ်မြေအိတ် ၂၀၀၀ နှင့် အလှူငွေကျပ် ၁၁၆၁ သိန်း လှူဒါန်းခဲ့ကြပြီး ကျောင်းဆောင်သစ်ဆောက်လုပ်မှုအား အမြန်ပြီးစီးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၂ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တက္ကသိုလ်မုခ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့ပြန့်ပွားရေးကိုဦးတည်ပြီး ယဉ်ကျေးလိမ္မာသိမ်မွေ့သော သားကောင်း၊ သမီးကောင်းများ မွေးထုတ်နိုင်ရန်ရည်ရွယ်လျက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ (ဓမ္မာစရိယ B.A) က ဦးစီးပြီး ဆရာ၊ ဆရာမသုံးဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၅၇ ဦးတို့ဖြင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအချိန်အထိ ပညာသင်ယူသူ ၅၆၃၂ ဦးရှိပြီးဆရာ၊ ဆရာမ ၃၀ ဦးတို့က ပညာဒါနပြု သင်ကြားပေးလျက်ရှိသည်။ **ဂျိုးနက်**

# ရေရှားသည့်ရပ်ကွက်များတွင် စက်ရေတွင်းများ တူးဖော်



**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်တွင် နွေရာသီ ရေရှားသည့်ရပ်ကွက်၊ ကျေးရွာများတွင် ဒေသခံပြည်သူများ၏တင်ပြချက်အရ မြန်အောင်မြို့နယ် စည်ပင်သာယာရေးကော်မတီက ကွင်းဆင်းကြည့်ရှု၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြန်အောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ စီစဉ်မှုဖြင့် မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ရန်နိုင်အေး(၃)လမ်းနှင့် မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက် စိန်ပန်းရပ်တို့တွင် တွင်းနက်စက်ရေတွင်းများတူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် ကော်မတီ ၃ ရပ်မှ တာဝန်ရှိသူများမှ စက်ရေတွင်းတူးခြင်းအား ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**


## (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွက် ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး ကောက်ခံခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါ လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်၊ ရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရားနှင့် ကျိုက်ပွန်ဘုရားများသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားများထံမှ ယဉ်ကျေးမှုဇုန်ဝင်ကြေး(မြန်မာကျပ်ငွေ) ကောက်ခံသည့် လုပ်ငန်းအား မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်-

(က) တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ၂၁-၅-၂၀၁၅ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါဖွင့်လှစ်မည့်အချိန် - နံနက် ၁၀း၀၀နာရီ
(ဂ) တင်ဒါဖွင့်လှစ်မည့်နေရာ - ပဲခူးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

၂။ တင်ဒါတင်သွင်းခွင့်လျှောက်လွှာနှင့် အသေးစိတ်စည်းကမ်းချက်များ၊ စပေါ်ငွေပေးသွင်းရမည့်ငွေကြေး၊ ငွေပေးသွင်းရမည့် ဘဏ်၊ စာချုပ်ပါစည်းကမ်းချက်များကို စုံစမ်းနိုင်ပါကြောင်းနှင့် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံး ပဲခူးမြို့တွင် ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပြီး တင်ဒါတင်သွင်းလွှာများကို အထက်ပါနေရာတွင် ၂၁-၅-၂၀၁၅ရက် ၉း၄၅နာရီ နောက်ဆုံးထားပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုသောအချက်များကို ပဲခူးတိုင်းဒေသကြီး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးမြို့ ဖုန်း-၀၅၂-၂၂၂၁၉၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးယဉ်ကျေးမှုဇုန်ဝင်ကြေး
ကောက်ခံခြင်းလုပ်ငန်း၊ တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့



## ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပမည်

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ကဆုန်လပြည့်၊ ၂-၅-၂၀၁၅ ရက် (စနေနေ့)တွင် ညောင်ရေသွန်းပွဲတော်မင်္ဂလာအခမ်းအနားကို နံနက် ၉း၀၀ နာရီတွင် မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ(၃)ကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (အဂ္ဂမဟာပဏ္ဍိတ) အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူမည်။ ထို့နောက် ဦးအေးလွင်-ဒေါ်အေးအေးသိန်း မိသားစု စသော အလှူရှင်အမည်များကို ဒေါက်တာ တင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်ပါမည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီညွှ့်ပရိသတ်များက “ယဿမုလေနိသိန္နေယော” အစချီသော ညောင်ရေသွန်း ဂါထာတော်များ၊ ဗောဓိရုက္ခာဂီတိရှစ်လုံးဘွဲ့ကဗျာများရွတ်ဆို၍ ကျောင်းပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြပါမည်။

ကိုးမိုင်မဟာစည်ဟိတေသီအဖွဲ့
သက္ကရာဇ်(၂၀၁၅) ပြည့်နှစ်
ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ
ရန်ကုန်မြို့၊ ဖုန်း-၉၆၆၁၁၆၇





**GOLDEN STAR** *Travels & Tours*

Apr-30

☆ပုဂံ(ရွှေစည်းခုံ)-ပုပ္ပါး ☆မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း ☆တောင်ကြီး-အင်းလေး-ပင်းတယ

ကျိုက်ထီးရိုး(နေ့စဉ်) ချောင်းသာ (နေ့စဉ်) ငွေဆောင် (နေ့စဉ်)

Ph: 209200, 703448, 430480, 544383, 705968, 09-5081580

---

အင်္ဂလိပ်ဘာသာပညာပေး လစဉ်မဂ္ဂဇင်း

**Global English**

No.102,May,2015

အထက်တန်းအဆင့် အင်္ဂလိပ်စာ, တက္ကသိုလ်အဆင့် အင်္ဂလိပ်စာ, ယှဉ်ပြိုင်ရေး အင်္ဂလိပ်စာ, IELTS အင်္ဂလိပ်စာ, ဘာသာပြန် အင်္ဂလိပ်စာ, သုတ အင်္ဂလိပ်စာ

လောကသစ်စာပေ၊ ဖုန်း- ၂၅၃၃၅၉၊ ၄၀၁၃၈၇ ထွက်ပြီ

---

**UNIQUE STAR** TRAVELS & TOURS

ဖန်ကောက် (6)D | Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] May: 2, 9, 16, 23, 30 (300 $)

ကွမ်မင်း-သလီ-လီကျန်း-ရှန်ဂရီလာ (6)D May: 2, 9, 16, 23, 30 (400 $)

| | | | | |
|---|---|---|---|---|
| ဥရောပ (10) နိုင်ငံ | ဂျပန် +ကိုရီးယား | ကိုရီးယား | ပီကင်း | ဖူခေါ်ယာ |
| သြစတြေးလျ | စင်္ကာပူ+မလေး | ဂျပန် | ဟောင်ကောင် | ချင်းမိုင် |
| အမေရိကား | ဘာလီကျွန်း | ဖူးကက် | ရှရှား | တောင်အာဖရိက |
| ထိုင်ဝမ် | ဗီယက်နမ်+ကမ္ဘောဒီးယား | စင်္ကာပူ | မော်လဒိုက် | ဘူတန် |

No.(70/A), Kabaaye Pagoda Rd, Bahan Tsp, Yangon. Ph: 860 4964, 860 4965, 860 4966, 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166, 09514 8079

---

**နိုးဆော်လွှာ**

ဘုရားအမှူးပြုသော ဘုန်းတော်ကြီးကျောင်း(၉၄)ကျောင်းမှ သံဃာတော်(၁၀၈၆)ပါးတို့အား (၉၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူရန် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညနေ ၄နာရီတွင် ညောင်လေးပင်မြို့ YMBA အသင်းတိုက်ရှေ့သို့ မိမိတို့သဒ္ဓါတက်အားသရွေ့ လှူဖွယ်ဝတ္ထုများဖြင့် ကြွရောက်လှူဒါန်းကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

**YMBA ညောင်လေးပင်မြို့**

**ဆက်သွယ်ရန်ဖုန်း**

**09-250548451, 09-5160153, 09-31185005**

---

**CVT Myanmar**

**အသက်မွေးပညာဆရာဖြစ်သင်တန်းဖွင့်လှစ်ခြင်း**

[illegible]

**မှတ်ချက်။ ။ သင်တန်းကြေးအခမဲ့ ဖြစ်ပါသည်။**

CVT Myanmar, အမှတ်(၄၂)ကမ်းနားလမ်း ကြက်ခြေနီရုံးတက်သေတင်း ဒိုက်တတောင်မြို့နယ်၊ရန်ကုန်မြို့။

E-mail: cvtcimyanmar@gmail.com

Phno : 09-4253 20010, 09-5122 917, 09-4252 66160

---

**Mingalar Education Centre**

**MEC ကိုယ်ပိုင်အထက်တန်းကျောင်း**

**အထူးအဆင့်မြင့်ဘော်ဒါ နှင့် စာသင်ဝိုင်းများ**

သင်ကြားရေး - ထူးချွန်ထက်မြက်၍သင်ကြားရေးတွင် စေတနာအပြည့်ဖြင့် ဂုဏ်ထူးမှတ်ကျော်လွန်၍ အမှတ်ပြည့်ရသည်အထိ၊ အထူးကောင်းမွန်သော စာသင်ဝိုင်းလောကတွင် အစဉ်အလာရှိ ဆရာကြီး ဆရာမကြီးများက ကိုယ်တိုင်သင်ကြားခြင်းနှင့်အတူ ဝါရင့် Guide ဆရာ၊ ဆရာမများဖြင့် ထပ်မံအားဖြည့်ထားခြင်းကြောင့် ကျောင်းသားများ ကျေနပ်၍ မိဘများစိတ်အေးချမ်းခဲ့ရပြီ...

Exam စစ်ဆေးခြင်း - အပတ်စဉ်၊ လစဉ် Tutorial Test, Pre-Test များနှင့်အတူ (၃)နာရီမေးခွန်းများ အကြိမ်ကြိမ် စစ်ဆေးခြင်းကြောင့် မေးခွန်းပုံစံများ ကျွမ်းကျင်ပိုင်နိုင်သွားသဖြင့် စာမေးပွဲ ဖြေဆိုရာတွင် လွယ်ကူ၍ ဖြေဆိုနိုင်ခြင်းကြောင့် ကျောင်းသား/သူများနှင့် မိဘများပါ ကျေနပ်ရ ပြန်ပြီ....

စည်းကမ်း - စည်းကမ်းကောင်း၊ စနစ်ကောင်း၊ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားခွင့်ရ ခြင်း မိသားစုရင်းနှီးသကဲ့သို့ ထိန်းသိမ်းမှု ကောင်းခြင်းတွေကြောင့် MEC ကျောင်းတော်ကြီးနှင့် ဘော်ဒါဆောင်တွင် ကျောင်းသားရော မိဘတွေပါ လုံခြုံစိတ်ချရ ပြန်ပြီ... အောင်ချက်%ကောင်းခြင်း၊ ဝိုင်းလုံးကျွတ်အောင်မြင်ခြင်းများကြောင့် MEC ကျောင်းတော်ကြီးကို ရွေးချယ်အပ်နှံကြခြင်းဖြစ်သည်....

MEC ရုံးခန်း - အမှတ် ၂၉၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09 260 597338, 09 433 23535 (ဆရာမျိုး)

MEC စမ်းချောင်းစာသင်ကျောင်း - အမှတ် ၂၀၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09 253 055914, 09 253 678077, 09 254 135281

ကျောင်းအပ်လက်ခံပြီ

---

**အာရှနဂါး** Asia Dragon ကျိုက်ထီးရိုး ချောင်းသာ / ငွေဆောင်

Ph : 703790, 09-861-9008, 707062, 09-861-7770

---

မြေညီတိုက်ခန်း ရောင်းမည်/ငှားမည်

လှိုင်ဘူတာရုံလမ်းအနီး လူစည်၊ AC ပါ၊ မှန်ခန်း+ကာ သိန်း(၅၀၀)/(၂)သိန်း

ဖုန်း-၀၉-၇၃၁၂၂၀၈၁၊ ၀၉-၃၃၃၃၆၆၇၂

---

**တရုတ်ပြည်ပေကျင်းပြန်တိုင်းရင်းအကြောထောက်/အကြောဖွင့်**

တရုတ်ကျန်းမာရေးသမားတော် **ဦးဘုန်းအောင်** 中醫師 劉火炎

ကိုယ်တိုင်အောက်ပါရောဂါများကိုကုသပေးသည်၊ လူနာများကြိုတင်စာရင်းပေးရန်၊ အိမ်အရောက်ဝန်ဆောင်မှုရှိသည်

လေဖြတ်၊ အကြောသေ၊ အရိုးကျည်းပေါင်းတက်၊ အဆစ်အမြစ်ကိုက်၊ ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံး လေးဘက်နာ၊ ဆီးချုပ်၊ ဝမ်းချုပ်၊ အူရောင်၊ အူပိတ်၊ လိပ်ခေါင်း၊ လည်ပင်းကြီးရောဂါ၊ ကာမစွမ်းရည် အားနည်းခြင်း(သားသမီးမရခြင်း)၊ ကျောက်ကပ်၊ အသည်း၊ အစာအိမ်၊ အဆုတ်၊ မျက်စိ၊ နား၊ နှာခေါင်း လည်ချောင်း၊ အဝလွန်ရောဂါ၊ အရေပြားရောဂါ၊ ပါးရေတွန့်၊ ဝက်ခြံ၊ တင်းတိပ်၊ မျက်စိချွေး၊ ပါးရှဲ့ မီးယပ်ရောဂါ၊ ကင်ဆာ၊ အားကစားသမားများခေါင်း၊ ခါး၊ ခြေ၊ လက်နာရောဂါများစသဖြင့်

**တရုတ်ဆေး၊ အင်္ဂလိပ်ဆေးသင်သည်။** ရန်ကုန်/ပုသိမ် ဖုန်း-09-5052951

ဆက်သွယ်ရန် - အမှတ်(၁၃၄)၊ ပါလှာ (အေ)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ထိပ်သီးပန်းကန်ဆိုင် - အမှတ်(၁၅)၊ မြို့မဈေး၊ ပုသိမ်မြို့၊ အမှတ်(၁၂)၊ အောင်ရတနာလမ်း(ယခင်ဘုယ်ကြီးတန်းလမ်း)၊ ပုသိမ်မြို့၊ အမှတ်(၄၄)၊ မင်းကြီးလမ်း(ရွှေပြည်တော်ရုပ်ရှင်ရုံမျက်စောင်းထိုး၊ ထိပ်သီးပန်းကန်ဆိုင်)၊ ပုသိမ်မြို့။

---

**အူရီဒူး မိသားစု နဲ့အတူ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ**



ooredoo

အူရီဒူးက စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ် နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ဖြန့်ချိရေး ကိုယ်စားလှယ်များ ခန့်အပ်ရန် ရှာဖွေနေပါတယ်။ အူရီဒူး နှင့် ပူးပေါင်းလုပ်ကိုင်ဖို့ စိတ်ဝင်စားတယ်ဆိုရင် partnerregistration@ooredoo.com.mm ကို အောက်ပါအချက်အလက်များ ပေးပို့ပေးပါ။

- ကုမ္ပဏီအမည်
- လက်ရှိ လုပ်ငန်းရဲ့ သဘောသဘာဝ
- လုပ်ငန်းလုပ်ကိုင်လိုသည့် နေရာဒေသ
- ဆက်သွယ်ရမည့် ပုဂ္ဂိုလ်
- ဆက်သွယ်ရမည့် ဖုန်းနံပါတ်
- လုပ်ငန်းစတင်နိုင်မယ့်နေ့

သတိမှတ်ရန်များ


ဖုန်းခေါ်ခ အနည်းဆုံး
တစ်မိနစ် ၂၀ကျပ်နှုန်းဖြင့် မြန်မာပြည်တွင်း ကြည်လင်ပြတ်သားတဲ့အသံနှင့် ဖုန်းခေါ်ဆိုခ အနည်းဆုံးကို ရယူရန် 5555 ကို RED ဟု မက်ဆေ့ချ် SMS အခုပဲ ပေးပို့လိုက်ပါ။ အတာနှစ်ကူး လက်ဆောင်အနေဖြင့် ပြေလအတွက် စာရင်းသွင်းကြေး ၅၀၀ ကျပ် ပေးရန်မလိုတဲ့အပြင် ပထမအကြိမ်စာရင်းသွင်းသူများမှာလည်း အခမဲ့အစမ်း ၁၅ ရက် သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။
ooredoo
၁မိနစ်
၂၀
ကျပ်
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။
ooredoo.com.mm

ကြော်ငြာ

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏မြောက်ဘက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက်ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဉယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။




- မင်္ဂလာဒုံဉယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင်တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စံနစ်ဖြင့် 10" Concrete Slab ၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အအုံတိုင်းတွင်2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။




900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

- အဆောက်အအုံတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊ Convenience Store၊ ကလေးကစားကွင်း၊ဘတ်စကက်ဘောကွင်း နှင့် လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်သော Clubhouse တစ်ခု ပါဝင်ပါမည်။





- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့်အဆောက်အအုံပတ်လည်တွင်သာယာလှပသောပန်းခြံ ဉယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။




Starting from
(တစ်)ပေပတ်လည်လျှင်
ကျပ်
၇၅,၀၀၀

Early Register Now!

ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဘားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၅၁၆၅၃၃၊ ၅၁၆၅၃၄၊ ၅၁၆၅၃၅၊ ၅၁၆၅၃၆

ကြော်ငြာ


Golden Palace Tower (Citadines Serviced Residence)
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်
ခေတ္တခဏ ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ရန်
အသိပေးကြေညာခြင်း
ပြောင်းရွှေ့ဖွင့်လှစ်မည့်နေရာ
အမှတ်-၆၈၅
၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
ပြောင်းရွှေ့ဖွင့်လှစ်မည့်နေ့ရက်
2-5-2015 (စနေနေ့)
(ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော်)
ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၃)ဆိုင်စလုံးတွင်
၂-၅-၂၀၁၅ မှ ၃၀-၆-၂၀၁၅ ထိ
၂ ကျပ်သားရွှေဆွဲကြိုး (၃) ဆု
၁ ကျပ်ခွဲသားရွှေဆွဲကြိုး (၃) ဆု
၁ ကျပ်သားရွှေဆွဲကြိုး (၅) ဆု
သုံးမတ်သားရွှေဆွဲကြိုး (၅) ဆု
ငါးမူးသားရွှေဆွဲကြိုး (၅) ဆု
တစ်မတ်သားရွှေဆွဲကြိုး (၁၀) ဆု
နှစ်ပဲရွှေဆွဲသီး (၂၀) ဆု
တစ်ပဲရွှေဆွဲသီး (၃၀) ဆု
နှင့်အခြားအပိုးတန်ဆုမဲများစွာ
၂၀၁၅၊ မတ်လ ၂၅ရက်နေ့မှစ၍ ဒါရိုက်တာဇော်ကိုကို ရိုက်ကူးပြီး
ရဲအောင်၊ကောင်းပြည့်၊ကာရာ၊မေသဥ္စာဦး၊ယွန်းယွန်း၊ဟန်သီဝိုင်းလေး၊ရွှေပိုးအိမ်၊
နှင်းထက်ထက်ဝေ၊မြတ်ပုဏ္ဏမိုးနိုင်၊နန်းစန္ဒာလှထွန်း၊ခွန်းသံစဉ်တို့
ပါဝင်သရုပ်ဆောင်ထားသော
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မှလှုပဒါန်းပြီးသော တီဗွီကြော်ငြာအသစ်ကို
မိခင်နှစ်ဦးရဲ့မေတ္တာ Series (1) (MRTV-4) ညစဉ် ၆း၁၅ မှ ၇း၁၅ အတွင်း
မိအပြည်သူများ ကြည့်ရှုခံစားနိုင်ရန်အတွက်
ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ပြောင်းရွှေ့ဖွင့်လှစ်မည့်လမ်းညွှန်မြေပုံ
ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး
အနော်ရထာလမ်း
မဟာဗန္ဓုလလမ်း
(၁၉) လမ်း
ကမ်းနားလမ်း
up to 30% off
Citadines
Golden Palace Gold & Jewellery
ရွှေနန်းတော်


ASIA
GROUP
TWO ELEPHANT ASIAGROUP CO., LTD
DISTRIBUTOR FOR
Atlas Copco
PALFINGER
DYNAPAC
Manitowoc
Two Elephant Asiagroup co., Ltd (Myanmar)
Add : No. 116, Bayintnaung Road (or)
Pearl Road, Shwe Pyi Thar Industrial Zone (4),
Insein Township, Yangon, Myanmar
Tel : +95 161 8732 / +95 161 8733
Fax : +95 161 8677
Email : tecf116@gmail.com
Teasiagroup.co@gmail.com
Asiagroup Leasing Pte Ltd (Singapore)
Add : No.3 Pioneer Place,
Singapore 627804
Tel : +65 6756 2288 / +65 6363 2288
Fax : +65 6756 8822 / +65 6881 9559
Email : info@asiagroup.com.sg
Asiagroup Sdn Bhd (Malaysia)
Add : Lot D7 PT 2480, Nilai Industrial Estate,
Phase II
71800 Nilai, Negeri Sembilan Khusus,
West Malaysia
Tel : +606 799 7777
Fax : +606 799 1313
Email : enquiry@asiagroup.com.my
Cranes and Transportation Specialist
CERT N.: 2014-0624 ISO 14001 : 2004
CERT N.: OHS-2014-0519 BS OHSAS 18001 : 2007
CERT N.: 2011-2-2022 ISO 9001 : 2008
bizSAFE STAR
TWO ELEPHANT FAMILY
ASIA
TWO ELEPHANT ASIAGROUP
ကုမ္ပဏီသစ်ဖွင့်လှစ်ကြောင်း မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

Hot Line No-0930500100

## ယနေ့မာတိကာ


အဂတိလိုက်စားမှု တိုက်ဖျက်ရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

စာမျက်နှာ - ၃

ပါချန်မြစ်ရဲ့နံဘေး ခြေဖျားမြို့လေးဆီက အဖြူရောင်အလင်းရှင်တွေ

စာမျက်နှာ - ၆

အလုပ်ရှင်နှင့် အလုပ်သမားများ မိတ်ဖက်ကဲ့သို့ သတ်မှတ်ဆက်ဆံကြရန်လိုအပ်

စာမျက်နှာ - ၇


# အင်းလေးဖောင်တော်ဦးဘုရားဝန်းကျင် ရေများသည့်အတွက် ဘုရားဖူးစက်လှေများဖြင့်စည်ကားလျက်ရှိ

သတင်းစာမျက်နှာ - ၉



## ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ အကူအညီပေးမည်

**နေပြည်တော်  ဧပြီ ၂၄**

ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာများအဖွဲ့၏ ထောက်ခံမှုအရ ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(IDA)နှင့် မြန်မာနိုင်ငံအကြား ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်အဖြစ် မြန်မာနိုင်ငံအား ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကို ကူညီလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ နည်းပညာအထောက်အပံ့နှင့် အတတ်ပညာများ အပါအဝင် ချေးငွေနှင့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအကူအညီ ပေးသွားမည်ဖြစ်ကြောင်း ဧပြီ ၂၃ ရက် ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းမှာ နှစ်ပေါင်း ၃၀ ကာလအတွင်း ကမ္ဘာ့ဘဏ်၏ ပထမဆုံးသော မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု တစ်ခုဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် လာမည့်သုံးနှစ်တာကာလတွင်း မြန်မာနိုင်ငံရှိ မိခင်နှင့်ကလေး သုံးသန်းခန့်သည် ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် လျှပ်စစ်အပါအဝင် အခြားသောအခြေခံဝန်ဆောင်မှုများလည်း ရရှိမည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်အုပ်စု၏ ပုဂ္ဂလိကကဏ္ဍဆိုင်ရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုများတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့☆**

## ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်များ မဲခွဲ

ယူအီးအက်ဖ်အေက ကြီးမှူးကျင်းပလျက်ရှိသည့် ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတို့၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၂၄ ရက်က ယူအီးအက်ဖ်အေဌာနချုပ်၌ မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ရာ၌ စပိန်လာလီဂါ၏ ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါ၏ အင်အားကြီးအသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့်လည်းကောင်း၊ ချန်ပီယံလိဂ်လက်ရှိချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းသည် အီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်အသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံလျက်ရှိကြောင်း သိရသည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဘာစီလိုနာအသင်းအား ဆုဖလားများစွာရယူပေးနိုင်ခဲ့သည့် လက်ရှိဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွာဒီယိုလာသည် ၂၀၁၂ ခုနှစ်နောက်ပိုင်း အသင်းဟောင်းဘာစီလိုနာအသင်း၏ အိမ်ကွင်းသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့သည် ၂၀၁၂-၂၀၁၃ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင်လည်း ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ပြီး အဆိုပါတွေ့ဆုံခဲ့မှုတွင် ဘိုင်ယန်မြူးနစ်အသင်းက ဘာစီလိုနာအသင်းအား နှစ်ကျော့ပေါင်း ရလဒ် ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားခဲ့သည့် ရလဒ်ထွက်ပေါ်ထားသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့■**

## မြန်မာယူ-၂၃ အသင်း ယူ-၁၈ အသင်းကို အနိုင်ယူ



**ရန်ကုန်  ဧပြီ ၂၄**

ဆီးဂိမ်းပြိုင်ပွဲအတွက်ပြင်ဆင်နေသည့် မြန်မာယူ-၂၃အသင်းသည် မြန်မာယူ-၁၈ အသင်းနှင့်ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်းတွင်ခြေစမ်းခဲ့ရာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့●**





နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်တည်ထောင်သည်။ ကြေးမုံ Mirror Established in 1957
R/184 ဖြင့် ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းနှင့်ကြေးမုံ ... ထုတ်ဝေသည်။